စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၆ /၂၀၂၆**

**၂၀၂၆ ခုနှစ်၊ ဇွန်လ သတင်းခေါင်းစဉ်များ**

## ပြည်တွင်းဈေးကွက်

- တရုတ်သို့ မြန်မာ့ဒူးရင်းသီး တင်ပို့သွားရန်စီစဉ်နေ
- ဈေးနှုန်းတည်ငြိမ်လျက်ရှိသောကီလိုမာလကာသီး
- ရေစကြိုမြို့နယ်အတွင်း မတ်ပဲစိုက်တောင်သူများ တွက်ခြေကိုက်လျက်ရှိ

## နိုင်ငံတကာဈေးကွက်

- ကမ္ဘာ့ဆန်ထုတ်လုပ်မှုသည် ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်လျော့ကျမည်ဟု **USDA** ခန့်မှန်း
- ဖိလစ်ပိုင်၏ဆန်တင်သွင်းမှု ဧပြီလကုန်တွင် ၁၈ ရာခိုင်နှုန်းသို့ အရှိန်မြှင့်တိုးတက်လာ
- အီရန်စစ်ပွဲနှင့် မိုးခေါင်ရေရှားမည့် မိုးလေဝသခန့်မှန်းချက်များကြောင့် ဆန်တင်ပို့မှုကဏ္ဍ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ
- အာရှဆန်ဈေးကွက် ဝယ်လိုအားနည်းခြင်းနှင့် ရူပီးငွေတန်ဖိုးကျဆင်းခြင်းကြောင့် အိန္ဒိယဆန်ဈေးနှုန်းများကျဆင်း
- သမိုင်းတွင် အမြင့်မားဆုံးဆန်သိုလှောင်နိုင်ခဲ့သည့် အင်ဒိုနီးရှား
- အိန္ဒိယအစိုးရက စားသုံးဆီ တင်သွင်းမှုအပေါ် အခွန်တိုးမြှင့်ကောက်ခံရေး စီစဉ်လျက်ရှိ
- သကြားကြမ်း၊ သကြားဖြူနှင့် သန့်စင်သကြားတင်ပို့မှု ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်အထိ အိန္ဒိယနိုင်ငံပိတ်ပင်
- အနောက်ဘင်္ဂလားပြည်နယ်၌ အာလူးနှင့် အခြေခံကုန်စည်များ ပြည်နယ်ပြင်ပသို့ တင်ပို့မှုပိတ်ပင်ချက်ကို ဝန်ကြီးချုပ်သစ်ပယ်ဖျက်
- အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင် တင်ပို့မှုကဏ္ဍသစ်ဖွင့်လှစ်
- ဂျပန်နိုင်ငံသည် လာမည့်ဇွန်လအတွင်းတွင် ရေနံစိမ်းဝယ်ယူမှု၏ ၇၀ ရာခိုင်နှုန်းကျော်ကို အရှေ့အလယ်ပိုင်းဒေသ မဟုတ်သော အခြားနိုင်ငံများထံမှ ဝယ်ယူသွားမည်ဖြစ်
- တရုတ်နိုင်ငံက အမေရိကန်စိုက်ပျိုးရေးထွက်ကုန်များကို ဒေါ်လာဘီလီယံပေါင်းများစွာ ထပ်မံဝယ်ယူဖွယ်ရှိ
- ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပဲပိစပ်ဆီတင်သွင်းမှု သိသိသာသာကျဆင်း
- ကွန်ဂိုရေနံစိမ်း စည်ပေါင်း ၉၅၀,၀၀၀ လက်ခံရရှိခဲ့သည့် ဗီယက်နမ် Nghi Son ရေနံချက်စက်ရုံ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁-၃၈၈၂၉၇
၀၁-၃၇၆၄၉၀
http://www.myantrade..org

- ကာဇက်စတန်သည် ၂၀၂၆ ခုနှစ်တွင် ကျောက်မီးသွေးထုတ်လုပ်မှုတန်ချိန် ၁၂၈ ဒသမ ၉ သန်းအထိ တိုးမြှင့်ရန် စီစဉ်ထားသည်
- အီးယူသို့ နဂါးမောက်သီးတင်ပို့မှု ဆက်လက်ထိန်းသိမ်းနိုင်ရန် ဗီယက်နမ် ကြိုးပမ်းအားထုတ်မှုများ မြှင့်တင်
- ပါကစ္စတန်နိုင်ငံတွင် သရက်ရာသီနောက်ကျမှုကြောင့် ပြည်ပတင်ပို့ရေးအလားအလာ ထိခိုက်
- အိန္ဒိယနိုင်ငံ၌ ရောင်းလိုအား နည်းပါးမှုအရ သဘာဝရော်ဘာဈေးနှုန်းများ မြင့်တက်
- ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၆ ခုနှစ် ပထမသုံးလပတ်အတွင်း သီဟိုဠ်စေ့တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၃၅၈ သန်း ကျော်ရရှိ
- ဈေးနှုန်းမတည်ငြိမ်မှုများရှိနေသော်လည်း ပထမသုံးလပတ်တွင် ဗီယက်နမ်၏ ဒူးရင်းသီးပို့ကုန်များ အရှိန်အဟုန်ဖြင့် မြင့်တက်လာ
- တရုတ်နိုင်ငံမှ ဈေးနှုန်းချိုသာသော Steel Imports များ အများအပြားဝင်ရောက်လာမှုကြောင့် ပြင်းထန်သော စီးပွားရေးဖိအားများနှင့် ရင်ဆိုင်နေရ
- နယူးဇီလန်နိုင်ငံက စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် လောင်စာသိုလှောင်ရန် နည်းလမ်းရှာဖွေနေ
- အာဖရိကနိုင်ငံ ၅၃ နိုင်ငံအတွက် တရုတ်နိုင်ငံ၏ အခွန်ကင်းလွတ်ခွင့်မူဝါဒသည် တရုတ်-အာဖရိက ပူးပေါင်း ဆောင်ရွက်မှုကို အရှိန်မြှင့်တင်ပေး
- ၂၀၂၆ ခုနှစ်၊ ပထမသုံးလပတ်အတွင်း တရုတ်နိုင်ငံ၏ ဝါဂွမ်းတင်သွင်းမှု သိသိသာသာ မြင့်တက်လာ
- ထိုင်းငွေယင်လက်ဖက်သည် ဒေါ်လာဘီလီယံချီတန်သည့် ဈေးကွက်ကို ဦးတည်နေ

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဝန်ကြီးဌာနမှဌာန ဆိုင်ရာအကြီးအကဲများအား တွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြား

**ပြည်ပကုန်သွယ်မှုသတင်း**

- မြန်မာနိုင်ငံမှ ချင်းခြောက်များကို ကိုရီးယားနိုင်ငံနှင့် ဝဥမှုန့်များကို ဂျပန်နိုင်ငံသို့ မြန်မာလုပ်ငန်းရှင်များ နှင့်ပူးပေါင်းတင်ပို့လို
- ဧပြီလအတွင်း မြန်မာ့ပုစွန်တင်ပို့မှု မက်ထရစ်တန် ၃၅၀ ကျော်ထိရှိလာ

**အထူးဆောင်းပါးများ**

- သကြားထွက်ကုန် ၂၀၂၆ ဘဏ္ဍာနှစ်တွင် ၇ ရာခိုင်နှုန်းတက်လာ၊ သကြားထုတ်လုပ်သူများနှင့် ကုန်သည်များအသင်း က မူဝါဒဆိုင်ရာ သက်သာခွင့်တောင်းဆို
- အရှေ့တောင်အာရှ ရထားလမ်းသစ်ကြောင့် တရုတ်နိုင်ငံတွင် ဒူးရင်းသီးဈေးနှုန်းများ ကျဆင်း

**ကုန်သွယ်မှုအခြေအနေ၊ ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### တရုတ်သို့ မြန်မာ့ဒူးရင်းသီး တင်ပို့သွားရန်စီစဉ်နေ

မြန်မာနိုင်ငံက ထွက်ရှိသည့် ဒူးရင်းသီးကို ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် စီစဉ်နေသည်ဟု စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ တရုတ်နိုင်ငံသည် ဒူးရင်းသီးဝယ်လိုအား အမြင့်ဆုံးနိုင်ငံတစ်ခုဖြစ်သည့် အတွက် မြန်မာ့ဒူးရင်းသီးကိုတင်ပို့ပြီး ခိုင်မာသည့်ပြည်ပဈေးကွက်ရရှိအောင် မျှော်မှန်းထားသည်ဟု သိရသည်။ တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တွင် မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရစိုးက မေ ၁၉ ရက်နေ့က ပြုလုပ်ခဲ့သည့် မြန်မာ့ဒူးရင်းပွဲတော် ၂၀၂၆ ဖွင့်ပွဲတွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။ **"ပြည်ပဈေးကွက်ရမယ်ဆိုရင် ပိုကောင်းတာပေါ့။ အခုက**

**ပြည်တွင်းစားသုံးမှုပဲ ရှိတာလေ။ ဈေးကလည်းမြင့်တော့ လူတိုင်းအကြိုက်မစားနိုင်တဲ့အခြေအနေရှိတယ်”** ဟု ဒူးရင်းသီး ရောင်းချသူ တစ်ဦးကပြောသည်။

လက်ရှိတွင် မြန်မာ့ဒူးရင်းသီးက ပြည်တွင်းစားသုံးမှုသာအဓိကရှိပြီး ဈေးနှုန်းအနေဖြင့် အသီးအရည်အသွေးပေါ်မူတည်၍ တစ်ကီလိုလျှင် ၆၀,၀၀၀ ကျပ်လောက်အထိ အမြင့်ဆုံးဈေးပေါက်ပြီး အလုံးလိုက်ဈေးကမူ သိန်းဂဏန်းအထိ ဈေးရှိသည်ဟု သိရသည်။ မြန်မာ့ဒူးရင်းသီးကို အလုံးလိုက်ရောင်းချခြင်း၊ ခွဲပြီးဒူးရင်းသီး အသားကိုရောင်းချခြင်းအပြင် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်ရန်အတွက်လည်း ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်သွားရန် ပြင်ဆင်နေသည်ဟု စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**“ဒီနှစ်စပို့နိုင်မယ်ဆိုရင်တောင် ရာသီကုန်မှ စနိုင်ဖို့များလောက်တယ်။ ဘာလို့ဆို အခုတောင် ဒူးရင်းသီးက စပေါ်နေပြီ၊ ရောင်းနေကြပြီလေ။ ဒူးရင်းသီးအသားမွှာပြီးသားကို ကောင်းရင်ကောင်းသလို ဈေးကအမျိုးမျိုး ဖြစ်နေတာပဲ။ အခုကတော့ ဝယ်လိုအားရှိပါတယ်။ ရောင်းသမျှအကုန်ကုန်တယ်”** ဟု ရန်ကုန်မှ ဒူးရင်းသီး ရောင်းချသူ တစ်ဦးကပြောသည်။

ဒူးရင်းသီးကို မြန်မာနိုင်ငံတောင်ဘက်ပိုင်းဒေသများဖြစ်သည့် မွန်၊ ကရင်၊ တနင်္သာရီဒေသများတွင် အများအပြား စိုက်ပျိုးဖြစ်ထွန်းပြီး စုစုပေါင်း စိုက်ပျိုးဧကအနေဖြင့် သောင်းဂဏန်းအထိရှိသည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် ဒူးရင်းသီး ပေါ်ချိန်ကမူ မေလက စပြီး ဇွန်၊ ဇူလိုင်လတို့တွင် ဒူးရင်းသီးများ လှိုင်လှိုင်ထွက်ပေါ်ပြီး ဈေးကွက်ထဲဝင်ရောက်မှုရှိခြင်း ဖြစ်သည် ဟုသိရသည်။ ဒူးရင်းသီးသည် ကမ္ဘာတစ်ဝှမ်းရှိ အပူပိုင်းဒေသများ အပါအဝင် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် မြန်မာတို့တွင် အဓိကစိုက်ပျိုး ဖြစ်ထွန်းမှုရှိသည်ဟု သိရသည်။

Source : "**အစိမ်းရောင်လမ်းမှ ကူးယူဖော်ပြပါသည်**"

Source : https://myantrade.gov.mm/article/Monywa_2652026_1439

## ဈေးနှုန်းတည်ငြိမ်လျက်ရှိသောကီလိုမာလကာသီး

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်ရှိ တောင်သူအများစုမှာ စပါးစိုက်ပျိုးမှုအပြင် ဟင်းသီးဟင်းရွက် သစ်သီးဝလံများအား စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ တောင်နောက်ကျေးရွာ၊ သံရွာကျေးရွာနှင့် အရှေ့သပြေကုန်းကျေးရွာများ တွင် အများဆုံးစိုက်ပျိုးလျက်ရှိပြီး မိသားစုအပိုဝင်ငွေရရှိသည့် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ရာသီမရွေးစားသုံးနိုင်သည့် ဈေးကွက် ဝယ်လိုအားရှိသည့် ကီလိုမာလကာပင်များကိုလည်း စိုက်ပျိုးလာကြသည်။

ငှင်းသီးနှံကို ယာမြေများတွင် ဩဂုတ်၊ စက်တင်ဘာလများတွင် အများဆုံးစိုက်ပျိုးကြသည်။ မိုးဦးကျကာလများတွင် စိုက်ပျိုးပါက အပင်များပိုမိုရှင်သန်နိုင်ပြီး အစေ့မျိုးပင်(သို့မဟုတ်) မြေထုပ် စည်းမျိုးပင် ကို ၁ နှစ်သား အရွယ်ရောက်လျှင် မြေချစိုက်ပျိုးနိုင်သည်။ စိုက်ပျိုးရာတွင် ၁ ပင် နှင့် ၁ ပင် (၁၅-၁၆)ပေ ခြား၍ စိုက်ပျိုးရသည်။ မာလကာပင်ကို အစေ့မှ စိုက်ပျိုး လျှင် ၄-၅ နှစ်ထိ ကြာနိုင်ကြောင်း၊ ကိုင်းဆက်မြေထုပ်ပျိုးပင်ကို ၁ နှစ်ခွဲ ၂ နှစ် အတွင်းမှာ အသီးသီးကြောင်း၊ စီးပွားဖြစ် စိုက်ပျိုးသော တောင်သူဦးကြီးများက ကိုင်းဆက် မြေထုပ်စည်းအပင်ကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ ပျိုးပင် တစ်ပင်လျှင် အပင်အရွယ်အစားပေါ်မူတည်၍ ၁,၅၀၀-၂,၅၀၀-၃,၅၀၀-၄,၀၀၀ ကျပ်အထိ ဈေးနှုန်းရှိကြောင်း၊ ၁ ဧကလျှင် ကီလိုမာလကာပင် ၃၅၀ ပင်စိုက်ပျိုးကြပြီး ၁ နှစ်ခွဲသားတွင် ရောင်းတန်းဝင်အသီးများ စတင်ခူးဆွတ်ရကြောင်း၊ စတင်ခူးဆွတ်ချိန်တွင် မာလကာသီး အလုံး ၁,၀၀၀-၁,၂၀၀ ခန့်ခူးဆွတ်ရကြောင်း၊ ယခုမိုးဦးကျနှင့် မိုးရာသီတွင် အသီးများဖြိုင်ဖြိုင်ထွက်ရှိသော်လည်း ဆောင်းနှင့် နွေတွင် အသီးအထွက်နှုန်းလျော့နည်းကြောင်း၊ အသီးများဖြိုင်ဖြိုင်ထွက်သော ရာသီဖြစ်သောကြောင့် ဈေးနှုန်းအနည်းငယ် ကျဆင်းသော်လည်း အကျိုးအမြတ်လျော့နည်းခြင်းမရှိကြောင်း၊ ယခင်လ ကီလိုမာလကာသီး တစ်လုံးလျှင် လက်လီဈေး ၄၀၀-၅၀၀ ကျပ်အထိ ရောင်းချရကြောင်း၊ လက်ကားဈေးအနေဖြင့် အလုံးအကြီး၊ အသေးပေါ်မူတည်၍ ၃၀၀-၄၀၀ ကျပ်ဈေးများဖြင့် ရောင်းချပေးကြောင်း၊ ယခုလ ကီလိုမာလကာသီး တစ်လုံးလျှင် လက်လီဈေး ၈၀၀-၁,၀၀၀ ကျပ်အထိ ရောင်းချရကြောင်း၊ လက်ကားဈေးအနေဖြင့် အလုံးအကြီး၊ အသေးပေါ်မူတည်၍ ၅၀၀-၆၀၀ ကျပ်ဈေးများဖြင့် ရောင်းချပေးကြောင်း၊ ယခုအချိန်တွင် မာလကာသီးအထွက်နှုန်းပုံမှန် ထွက်ရှိကြောင်း၊ အလုံးအရေအတွက် လိုသလောက်ရရှိသောကြောင့် ဈေးနှုန်းများတည်ငြိမ် လျက်ရှိကြောင်း၊ ကျောင်းဖွင့်ရာသီချိန်မဟုတ်သဖြင့် ကျောင်းဖွင့်ရာသီချိန်လောက် အရောင်းမသွက်ကြောင်း၊ မာလကာသီးကို ဒေသတွင်းမြို့နယ်များရှိဈေးများနှင့် ရွှေသိမ်တော်ဘုရားသို့ လာရောက်ဘုရားဖူးကြသူများမှာလည်း အိမ်ပြန်လက်ဆောင်အနေ ဖြင့်အများဆုံးဝယ်ယူကြကြောင်း၊ မာလကာသီးစားသုံးခြင်းဖြင့် ဗီတာမင်စီများစွာရရှိသဖြင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး စီးပွား

လည်းဖြစ် ဝင်ငွေလည်းတိုးသော ကီလိုမာလကာပင်များကို မိသားစုအပိုဝင်ငွေရရှိအောင် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း မာလကာသီးအများဆုံးစိုက်ပျိုးသော တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

Source: https://www.doca.gov.mm/

Source : https://myantrade.gov.mm/article/naypyitaw_1905202601:43

## ရေစကြိုမြို့နယ်အတွင်း မတ်ပဲစိုက်တောင်သူများ တွက်ခြေကိုက်လျက်ရှိ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်အတွင်း ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ CP ပြောင်းဖူးစေ့၊ ထောပတ်ပဲနှင့် မတ်ပဲ သီးနှံများကို အများအပြား စိုက်ပျိုးလျက်ရှိသည်။ ရေစကြိုမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသည့် ချင်းတွင်းမြစ်၏ အရှေ့ဘက်နှင့် အနောက်ဘက်ရှိ ကျေးရွာများတွင် သီးထပ်အဖြစ် နွေမတ်ပဲသီးနှံများကို ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် စတင်စိုက်ပျိုးကြသည်။ ကူတုတ်ကျေးရွာတွင် ဧက ၁၀၀ ခန့် စိုက်ပျိုးထားရှိပြီး ၅ ဧကစိုက်ပျိုးထားရှိသည့် တောင်သူ ဦးဝင်းထွန်းမှ ယခင်နှစ်က ၁ ဧက စိုက်ပျိုးစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ ရိတ်သိမ်းချွေလှေ့ခ စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် ၈ သိန်း မှ ကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်း၊ ယခုနှစ်တွင် ၁ ဧက စိုက်ပျိုးစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ ရိတ်သိမ်းချွေလှေ့ခ စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် ၁၀ သိန်း မှ ကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း ပြောကြားချက်အရ သိရသည်။

မတ်ပဲ ၁ ဧက ထွက်ရှိမှုအနေဖြင့် ရာသီဥတုအခြေအနေအပေါ်မူတည်၍ အထွက်တင်းများကွာခြားလျက်ရှိသည်။ ယခင်နှစ်က မိမိအနေဖြင့် ၃ ဧကခန့် စိုက်ပျိုးခဲ့ရာ ၁ ဧကလျှင် ၂၂ တင်းခန့်ထွက်ရှိခဲ့ပြီး ၁ တင်းလျှင် ကျပ် ၉၀,၀၀၀ ဖြင့် ရောင်းချခဲ့ရသည့်အတွက် အကျိုးအမြတ် ကျပ် ၉ သိန်းခန့် ရရှိခဲ့သည်။ ယခုနှစ်အနေဖြင့် ရာသီဥတုအခြေအနေကောင်းသောကြောင့် ၁ ဧကကို အထွက် ၂၅ တင်း ထွက်ရှိခဲ့ပြီး မတ်ပဲ ၁ တင်းလျှင် ဈေးနှုန်းကျပ် ၉၃,၀၀၀ ဖြင့်ရောင်းချခဲ့ရသည့်အတွက် အကျိုးအမြတ်အနေဖြင့် ၁ ဧက ကျပ် ၈၂၅,၀၀၀ ခန့်ရရှိကြောင်း ကူတုတ်ကျေးရွာ ရှိ မတ်ပဲစိုက်တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

Source: https://www.doca.gov.mm/my/node/65747

# နိုင်ငံတကာဈေးကွက်

## ကမ္ဘာ့ဆန်ထုတ်လုပ်မှုသည် ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်လျော့ကျမည်ဟု USDA ခန့်မှန်း

ကမ္ဘာ့ဆန်ထုတ်လုပ်မှုသည် ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်အဖြစ် လျော့ကျလာမည်ဟုခန့်မှန်းထားပြီး၊ ကမ္ဘာ့အဓိကအစားအစာတစ်မျိုးဖြစ်သော ဆန်ရရှိနိုင်မှုပိုမိုကြပ်တည်းလာနိုင်ကြောင်း ဖော်ပြထားသည်။

လာမည့် ၂၀၂၆-၂၇ ရာသီအတွက်ဆန်ထုတ်လုပ်မှုပမာဏသည် တန်ချိန် ၅၃၈ သန်းခန့်သာရှိမည်ဟု ခန့်မှန်းထားပြီး၊ ယင်းသည် ၁၁ နှစ်အတွင်း ပထမဆုံးအကြိမ် ကျဆင်းမှုဖြစ်ကြောင်း အမေရိကန်စိုက်ပျိုးရေးဦးစီးဌာန (United States Department of Agriculture-USDA)က ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင်ထုတ်ပြန်သည့် ကမ္ဘာ့စိုက်ပျိုးရေးအစီရင်ခံစာတွင် ဖော်ပြထားသည်။ အကြီးမားဆုံးကျဆင်းမှုများကို အိန္ဒိယ၊ မြန်မာနှင့် အမေရိကန်တို့တွင်တွေ့ရှိရပြီး လယ်သမားများ စိုက်ပျိုးမှု လျော့နည်းလာသောကြောင့် ယခင်နှစ်ကထက် စပါးထွက်ရှိမှုနှုန်း ၁၅ ရာခိုင်နှုန်းကျဆင်းသွားကြောင်း ဖော်ပြထားသည်။ စံချိန်တင်စားသုံးမှုနှင့်ကုန်သွယ်မှုများတိုးလာသဖြင့် ကမ္ဘာ့ဆန်လက်ကျန်ပမာဏကိုလည်း အကန့်အသတ်ဖြစ်လာစေမည် ဖြစ်သည်။

USDA က အကြောင်းရင်းကို အသေးစိတ်မဖော်ပြထားသော်လည်း အီရန်စစ်ပွဲကြောင့် ဖြစ်ပေါ်လာသော ဓာတ်မြေဩဇာနှင့် စွမ်းအင်ကုန်ကျစရိတ်မြင့်တက်မှုများသည် အာရှရှိ လယ်သမားများ၏ စိုက်ပျိုးမှုများကို ထိခိုက်စေပြီး ဆန်ထုတ်လုပ်မှုကျဆင်းလာစေသည်ဟု ဆိုနိုင်သည်။ ဓာတ်မြေဩဇာအသုံးများသော သီးနှံဖြစ်သည့် ဆန်အတွက် လယ်သမားအချို့သည် ရာသီသစ်တွင် စိုက်ပျိုးခြင်းမပြုရန်စဉ်းစားနေကြသည်။

ထို့ပြင် ကမ္ဘာ့ထိပ်တန်း ဆန်စိုက်ပျိုးထုတ်လုပ်သည့် အိန္ဒိယနိုင်ငံတွင်လည်း ဇွန်လတွင် စတင်သည့် မုတ်သုံရာသီသည် El Niño ရာသီဥတုဖြစ်စဉ်ကြောင့် အားလျော့နိုင်သည်ဟု ခန့်မှန်းချက်များကြောင့် သီးနှံထွက်ရှိမှုကို ထိခိုက်နိုင်ကြောင်း၊ သို့သော် အိန္ဒိယ၏ ဆန်တင်ပို့မှုမှာ ဆက်လက်အားကောင်းနေမည်ဖြစ်ကြောင်း ခန့်မှန်းထားပြီး အမေရိကန်၏တင်ပို့မှုမှာ လျော့ကျမည်ဖြစ်ကြောင်း USDA က ပြောကြားသည်။

အထူးသဖြင့် အာရှနိုင်ငံများတွင် ဆန်သည် အဓိကအစားအစာဖြစ်သည့်အတွက် ဆန်ရရှိနိုင်မှုလျော့နည်းလာခြင်းသည် ဈေးနှုန်းများမြင့်တက်လာစေနိုင်ပြီး အဆိုပါကိစ္စရပ်သည် ဈေးနှုန်းဖောင်းပွမှုကိုဖြစ်စေနိုင်သည်။ ဖိလစ်ပိုင်နိုင်ငံအပါအဝင် အချို့နိုင်ငံများတွင်လည်း ဈေးနှုန်းအနည်းငယ်မြင့်တက်မှုများရှိနေပြီဖြစ်ကြောင်း ဖော်ပြထားသည်။

လက်ကားဈေးကွက်တွင် အာရှတွင် စံညွှန်းတစ်ခုအဖြစ် သတ်မှတ်ထားသော ထိုင်းဆန်ဖြူဈေးနှုန်းသည် မတ်လနှောင်းပိုင်းမှစ၍ ၁၅ ရာခိုင်နှုန်းခန့်မြင့်တက်လာခဲ့သည်။ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့ (Chicago Board of Trade) ၏ အနာဂတ်ဆန်ဈေးနှုန်းသည် ပြီးခဲ့သည့်အပတ်က ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ယင်းသည် နှစ်နှစ် အတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။ စစ်ပွဲကြောင့် စွမ်းအင်ဈေးနှုန်းများမြင့်တက်လာခြင်းသည် ဆန်တင်ပို့သည့်နိုင်ငံအများစုတွင် ထုတ်လုပ်မှုနှင့် ဈေးကွက်တင်ပို့မှုကုန်ကျစရိတ်များကိုမြင့်တက်စေပြီး ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ဆန်ဈေးညွှန်းကိန်းလည်း မြင့်တက်လာကြောင်း ဖော်ပြထားသည်။

Source: Global rice production set to fall for first time in decade: The Economic Times: May 14, 2026., (လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source : https://myantrade.gov.mm/article/STP(Ygn)_18052026_14:53

## ဖိလစ်ပိုင်၏ဆန်တင်သွင်းမှု ဧပြီလကုန်တွင် ၁၈ ရာခိုင်နှုန်းသို့ အရှိန်မြှင့်တိုးတက်လာ

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၆ ခုနှစ် ပထမ ၄ လပတ်တွင် ဆန်ထုတ်လုပ်မှုလျော့နည်းနိုင်သည့် စိုးရိမ်မှုများကြောင့် ဆန်တင်သွင်းမှုကို ၁၈ ရာခိုင် နှုန်းတိုးမြှင့်ခဲ့ပြီး တန်ချိန် ၁ ဒသမ ၆၈ သန်းအထိ(၁ ဒသမ ၇ သန်း နီးပါး) ရောက်ရှိခဲ့သည်။ Bureau of Plant Industry(BPI)၏အချက်အလက်များအရ Sanitary and Phytosanitary (SPS)ခွင့်ပြုချက်တန်ချိန် ၂ ဒသမ ၂၄ သန်းခန့်တင်သွင်းရန်ခွင့်ပြုထားသော်လည်း ဧပြီလကုန် အထိ ၇၁ ရာခိုင်နှုန်းသာ နိုင်ငံအတွင်း ဆိုက်ရောက်ရှိသေးကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေပြီး အိမ်နီးချင်း ဗီယက်နမ်နိုင်ငံမှ ဆန်တင်သွင်းမှုသည် တန်ချိန် ၁ ဒသမ ၄၆သန်းအထိရှိခဲ့ရာ ၎င်းပမာဏသည် စုစုပေါင်း ဆန်တင်သွင်းမှု၏ ၈၆ ရာခိုင်နှုန်းကျော်ရှိခဲ့ကြောင်း၊ ယင်းနောက်တွင် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၁၀၄,၀၅၂ တင်ပို့ခဲ့ပြီး၊ မြန်မာနိုင်ငံမှ တန်ချိန် ၇၂,၁၄၇ နှင့် ကမ္ဘောဒီးယားနိုင်ငံမှ တန်ချိန် ၃၅,၅၆၅ အသီးသီး လိုက်ပါတင်ပို့ခဲ့ကြကြောင်း သိရသည်။

ခေတ်မြေသြဇာစရိတ်စကများမြင့်မားလာခြင်းနှင့်ပြင်းထန်သော"ဆူပါအယ်လ်နီညို"(Super El Niño)ရာသီဥတုဖြစ်ပေါ်လာနိုင်ခြေရှိသောသက်ရောက်မှုများကြောင့် ယခုနှစ်အတွင်းထွက်ရှိမည့် ပြည်တွင်းဆန်ထုတ်လုပ်မှုလျော့နည်းသွားနိုင်ခြေကို ကာမိစေရန်အတွက် အစိုးရသည် ယခုကဲ့သို့ဆန်တင်သွင်းမှုများကို အသုံးပြုရန်စီစဉ်ထားခြင်းဖြစ်ပြီး ပြီးခဲ့သည့် သီတင်းပတ်အတွင်းကလည်း ဖိလစ်ပိုင်စိုက်ပျိုးရေးဌာန(Department of Agriculture-DA)က လာမည့်နှစ်အထိ ဆန်တန်ချိန် ၁ ဒသမ ၅ သန်း တင်သွင်းရန်အတွက် ဗီယက်နမ်နိုင်ငံနှင့် ဆန်ဝယ်ယူရေးသဘောတူညီချက်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်း ကြေညာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ပြီးခဲ့သည့်ဧပြီလက ငွေကြေးဖောင်းပွမှုနှုန်း ၇ ဒသမ ၂ ရာခိုင်နှုန်းအထိ သုံးနှစ်တာ ကာလအတွင်း အမြင့်ဆုံးမြင့်တက်ခဲ့ပြီး ဆန်ဈေးနှုန်းမှာလည်း ၁၃ ဒသမ ၇ ရာခိုင်နှုန်းအထိခုန်တက်သွားခဲ့သဖြင့် ပြည်တွင်းဆန် လက်လီဈေးနှုန်းများပြန်လည်တည်ငြိမ်စေရန်အတွက် ယခုကဲ့သို့ဆန်တိုးမြှင့်တင်သွင်းရခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ဗီယက်နမ်မှအမှန်တကယ်တင်သွင်းမည့် ဆန်ပမာဏကို ကမ္ဘာ့ဈေးကွက်နှင့် ပြည်တွင်းဆန် ထွက်ရှိမှုအပေါ် မူတည်၍ ချိန်ညှိသွားမည်ဖြစ်ပြီး လာမည့်ဇွန်လမှ အောက်တိုဘာလ မိုးစပါးပေါ်ချိန်အတွင်း ပြည်တွင်းစပါးဈေးနှုန်းများကျဆင်းမသွားစေရန်နှင့် ပြည်တွင်းလယ်သမားများအား မျှတသောအကျိုးအမြတ် ဆက်လက်ရရှိစေရန်အတွက် နိုင်ငံခြားမှဆန်တင်သွင်းမည့်ပမာဏကို ကန့်သတ်ရန် စိုက်ပျိုးရေးဌာန(DA)က စဉ်းစားနေကြောင်း စိုက်ပျိုးရေးဝန်ကြီးက အထူးပြောကြားခဲ့သည်။

အဆိုပါဆန်တင်သွင်းမှုကန့်သတ်ချက်မှာ လက်ရှိအဆိုပြုထားသည့် ဆန်စပါးလုပ်ငန်းနှင့် စားသုံးသူအခွင့်အာဏာမြှင့်တင်ရေး(Rice Industry and Consumer Empowerment-RICE)ဥပဒေမူကြမ်းပြဋ္ဌာန်းနိုင်မှုအပေါ် မူတည်နေဆဲဖြစ်သော်လည်း အစိုးရအနေဖြင့် ထို ၅ လတာကာလအတွင်း လစဉ်ဆန်တင်သွင်းမှုကို တန်ချိန် ၁ သိန်းခွဲမှ ၂ သိန်းကြားသာ ခွင့်ပြုရန် အကဲဖြတ်သုံးသပ်နေကြောင်း သိရသည်။

ဖိလစ်ပိုင်အစိုးရသည် စားသုံးသူများကို အကာအကွယ်ပေးရန် တင်သွင်းလာသည့် ဆန်များကို တစ်ကီလိုလျှင် ၅၀ ပီဆိုထက် ပိုမရောင်းရဟု အမြင့်ဆုံးဈေးနှုန်းကန့်သတ်ရန် စီစဉ်နေကြောင်းနှင့် မေလ ၁၂ ရက်နေ့အထိ မနီလာဈေးကွက်တွင်

တင်သွင်းဆန်အမျိုးအစားအလိုက် တစ်ကီလိုလျှင် ၄၂ ဒသမ ၅၀ ပီဆိုမှ ၅၈ ဒသမ ၁၄ ပီဆိုကြား အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ စိုက်ပျိုးရေးဝန်ကြီးက ဗီယက်နမ်အပြင် မြန်မာ၊ ကမ္ဘောဒီးယား၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ထံမှလည်း ဆန်များပိုမိုတိုးမြှင့်တင်သွင်းရန်စဉ်းစားနေကြောင်း ပြောကြားခဲ့သည်။

https://mb.com.ph/2026/05/12/rice-imports-up-18-at-end-april-amid-el-nino-fears

(အိသဇင်စိုး၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source :https://myantrade.gov.mm/article/STP(Ygn)_26052026_12:48

## အီရန်စစ်ပွဲနှင့် မိုးခေါင်ရေရှားမည့် မိုးလေဝသခန့်မှန်းချက်များကြောင့် ဆန်တင်ပို့မှုကဏ္ဍ စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရ

ရာသီဥတုအခြေအနေများနှင့် ပထဝီနိုင်ငံရေးပဋိပက္ခများသည် ကုန်သွယ်မှုပမာဏအပေါ် သိသာထင်ရှားစွာ သက်ရောက်မှုရှိနိုင်သဖြင့် ယခုနှစ် ဒုတိယနှစ်ဝက်အတွက် ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု အလားအလာမှာ မရေမရာမှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ အဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

ယခုနှစ်တွင် ထိုင်းနိုင်ငံအနေဖြင့် ဆန်တန်ချိန် ၇ သန်း တင်ပို့နိုင်လိမ့်မည်ဟု နိုင်ငံခြားကုန်သွယ်မှု ဦးစီးဌာန (DFT) က ခန့်မှန်းထားပြီး ယခုနှစ် ပထမ လေးလပတ်အတွင်း ဆန်တန်ချိန် ၂ ဒသမ ၂ သန်းခန့် တင်ပို့ ခဲ့ပြီးဖြစ်ကြောင်း ဆန်အသင်း၏ ပြောကြားချက်အရ သိရသည်။ လက်ရှိတွင် အိန္ဒိယဆန်ဖြူ ၅ ရာခိုင်နှုန်း၏ ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀ ရှိပြီး ထိုင်း ဆန်ဖြူ ၅ ရာခိုင်နှုန်း၏ ဈေးနှုန်းမှာ တစ်တန် လျှင် ၄၂၀ ဒေါ်လာ ရှိကြောင်း အသင်း၏ အဆိုအရ သိရသည်။

အိန္ဒိယဆန်နှင့် ထိုင်းဆန်ကြား ဈေးနှုန်းကွာဟချက်ကြီးမားနေခြင်းကြောင့် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များသည် အာဖရိကဈေးကွက်၏ ဝေစုအမြောက်အမြားကိုရယူနိုင်ခဲ့ပြီး ယင်းသည် ထိုင်းဆန်တင်ပို့မှုအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်စေကြောင်း ထိုင်းဆန်ပို့ကုန် လုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်တွင် အီရတ်နိုင်ငံသည် ဆန်တန်ချိန် ၁ သန်း တင်သွင်းခဲ့ပြီး ထိုင်းနိုင်ငံ၏ အကြီးမားဆုံး ဆန်ပို့ကုန်ဈေးကွက်ဖြစ်ခဲ့ကာ ယင်းနောက်တွင် တန်ချိန် ၈၈၀,၀၀၀ ဖြင့် တောင်အာဖရိကနိုင်ငံနှင့် တန်ချိန် ၈၂၀,၀၀၀ ဖြင့် အမေရိကန်ပြည်ထောင်စုတို့က အသီးသီးရှိခဲ့ကြောင်း နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန (DFT) ၏ အချက်အလက်များအရ သိရသည်။

ဟော်မုဇ်ရေလက်ကြားပိတ်ဆို့မှုကြောင့် အီရတ်နိုင်ငံသို့ ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုလမ်းကြောင်း ပြတ်တောက်သွားခဲ့ရကြောင်းနှင့် ၂၀၂၆ ခုနှစ်၏ ပထမ လေးလပတ်အတွင်း အီရတ်နိုင်ငံသို့ ဆန်တန်ချိန် ၉၀,၀၀၀ ခန့်သာ တင်ပို့နိုင်ခဲ့ကြောင်း မစ္စတာ Chookiat က ပြောကြားခဲ့သည်။ ယခုနှစ် ဒုတိယနှစ်ဝက်အတွက် ရှေ့အလားအလာမှာ စိန်ခေါ်မှုများပြားနေပြီး အကြောင်းအမျိုးမျိုး၏ လွှမ်းမိုးမှုကို ခံရလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အကယ်၍ ရေလက်ကြားပြန်လည်ဖွင့်ပေးလာပါက အီရတ်နိုင်ငံသည် ထိုင်းနိုင်ငံထံမှ ဆန်တင်သွင်းမှုများကို ပြန်လည်စတင်လာနိုင်ပြီး ဒုတိယနှစ်ဝက်တွင် အော်ဒါအမှာစာ အမြောက်အမြားဝင်ရောက်လာခြင်းက ဆန်ဝယ်လိုအားကို မြင့်တက်လာစေနိုင်ကြောင်း မစ္စတာ Chookiat က ပြောကြားခဲ့သည်။ အကယ်၍ ယခုနှစ် အတွင်း အယ်လ်နီညိုရာသီဥတု ဖြစ်ပွားခဲ့ပါက ဒေသတွင်းသို့ မိုးခေါင်ရေရှားမှုနှင့် အပူလှိုင်းများဖြစ်ပေါ်လာနိုင်ပြီး အရှေ့တောင်အာရှတစ်လွှားရှိ ဆန်စပါးထုတ်လုပ်မှုကို ထိခိုက်စေနိုင်ဖွယ်ရှိကြောင်း ၎င်းကမှတ်ချက်ပြုခဲ့သည်။ ထိုင်းနိုင်ငံရှိ ဆန်စပါးစိုက်ခင်းအများစုသည် ဆည်မြောင်းစနစ်များထက် မိုးရေအပေါ်တွင်သာ မှီခိုနေရဆဲဖြစ်သည်။

ထို့ပြင် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားနေသောစစ်ပွဲကြောင့် ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး တောင်သူလယ်သမားများအတွက် ကုန်ကျစရိတ်များပိုမိုများပြားလာကြောင်းနှင့် ယင်း၏ရလဒ်အနေဖြင့် တောင်သူများသည် ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချနိုင်ခြေရှိပြီး ယင်းက အထွက်နှုန်းများကို လျော့နည်းကျဆင်းသွားစေနိုင်သည့် အလားအလာရှိနိုင်ကြောင်း သိရသည်။ ဓာတ်မြေဩဇာ လျှော့ချသုံးစွဲမှုကြောင့် အထွက်နှုန်းကျဆင်းခြင်းသည် သီးနှံအထွက်နှုန်းအပေါ် ကျရောက်လာနိုင်သည့် အယ်လ်နီညို၏ သက်ရောက်မှုနှင့်ပေါင်းစပ်သွားပါက ယခုနှစ်တွင် ဆန်ဈေးနှုန်းများ အနည်းငယ်ပိုမိုမြင့်တက်လာစေနိုင်ကြောင်း မစ္စတာ Chookiat က ပြော ကြားခဲ့သည်။

ယခုကဲ့သို့သော ရာသီဥတုဖြစ်စဉ်သည် စားနပ်ရိက္ခာပြတ်လပ်မှုကို ကာကွယ်ရန်အတွက် ဆန်စပါးကြိုတင်စုဆောင်းလိုသည့် ဝယ်လက်နိုင်ငံများထံမှ ဝယ်လိုအားကို မြင့်တက်လာစေနိုင်သဖြင့် ဆန်တင်ပို့မှုဈေးကွက်အတွက် အကျိုးအမြတ်

ဖြစ်ထွန်းစေနိုင်သည်။ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်လျက်ရှိပြီး ဆန်စပါးများ ဝယ်ယူစုဆောင်းသည့် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် အော်ဒါအမှာစာများကို တိုးမြှင့်လျက်ရှိကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ်၏ ပထမ သုံးလပတ်အတွင်း မလေးရှားနိုင်ငံသည် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၁၃၄,၀၀၀ တင်သွင်းခဲ့ပြီး ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၃၃,၀၀၀ ခန့်မှ သိသိသာသာ မြင့်တက်လာခဲ့ကာ ဖိလစ်ပိုင်နိုင်ငံသည်လည်း အဆိုပါကာလအတွင်း တန်ချိန် ၅၂,၀၀၀ မှ တန်ချိန် ၁၀၀,၀၀၀ ခန့်အထိ တိုးမြှင့်တင်သွင်းခဲ့ကြောင်း သိရသည်။ ယင်းအခြေအနေသည် အီရတ်နိုင်ငံသို့ တင်ပို့နိုင်ခြင်းမရှိသည့် အရန်သင့်ရှိနေသည့် ဆန်ပမာဏများကို ဝယ်ယူပေးရာရောက်သည့်အတွက် အထောက်အကူဖြစ်စေခဲ့သည်ဟု မစ္စတာ Chookiat က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏မူဝါဒကို စားနပ်ရိက္ခာဖူလုံမှုဆီသို့ တစ်ဖြည်းဖြည်းချင်း ပြောင်းလဲချမှတ်လာခဲ့ရာ ယင်း၏ရလဒ်အနေဖြင့် ထိုင်းဆန်တင်သွင်းမှုကို လျှော့ချခဲ့သည်။ သို့သော်လည်း အင်ဒိုနီးရှားနိုင်ငံတွင် အလွန်ပြင်းထန်သော အယ်လ်နီညိုဖြစ်စဉ်တစ်ခု ကျရောက်လာပါက ဆန်တင်သွင်းမှုကိုပြန်လည်တိုးမြှင့်ကောင်းတိုးမြှင့်နိုင်ကြောင်း ၎င်းကပြောကြားခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ ယခုနှစ်အတွက် ချမှတ်ထားသည့် ဆန်တန်ချိန် ၇ သန်း ပို့ကုန်ရည်မှန်းချက်ကို ထိုင်းနိုင်ငံအနေဖြင့် ပြည့်မီစွာဆောင်ရွက်နိုင်လိမ့်မည်ဟုယူဆမိပါကြောင်း မစ္စတာ Chookiat က ပြောကြားခဲ့သည်။ ဆန်စပါးလုပ်ငန်းကဏ္ဍ၏ စိန်ခေါ်မှုများကိုဖြေရှင်းရန်အတွက် ထုတ်လုပ်မှုစရိတ်များလျှော့ချခြင်း၊ အထွက်နှုန်းတိုးမြှင့်ခြင်း၊ ဆန်စပါးမျိုးစိတ်သစ်များတီထွင်ခြင်းနှင့် ပို့ကုန်ဈေးကွက်အသစ်များ ရှာဖွေဖော်ထုတ်ခြင်းတို့ကို လုပ်ဆောင်ရန် ရေရှည်ဗျူဟာတစ်ရပ်ချမှတ်ကျင့်သုံးရန် ၎င်းက အစိုးရအား တိုက်တွန်းခဲ့ကြောင်း သိရသည်။

Source: Bangkokpost, 20 May, 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့) ,

Source : https://www.doca.gov.mm/my/node/65695

## အာရှဆန်ဈေးကွက် ဝယ်လိုအားနည်းခြင်းနှင့် ရူပီးငွေတန်ဖိုးကျဆင်းခြင်းကြောင့် အိန္ဒိယဆန်ဈေးနှုန်းများကျဆင်း

ယခုတစ်ပတ်အတွင်း ဝယ်လိုအားနည်းပါးခြင်းနှင့် အိန္ဒိယရူပီးငွေတန်ဖိုး စံချိန်တင်ကျဆင်းသွားခြင်းတို့ကြောင့် အိန္ဒိယဆန်တင်ပို့မှုဈေးနှုန်းများကျဆင်းခဲ့ပြီး၊ တစ်ချိန်တည်းမှာပင် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးရေလျှံမှုအန္တရာယ်များကြောင့် နွေစပါးရိတ်သိမ်းမှုကိုခြိမ်းခြောက်လျက်ရှိသည်။

အိန္ဒိယ၏ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ပေါင်းဆန်ဈေးသည် ပြီးခဲ့သည့်အပတ်တွင် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၄၄ - ၃၅၀ ရှိရာမှ ယခုအပတ်တွင် အမေရိကန်ဒေါ်လာ ၃၃၇-၃၄၄ အထိကျဆင်းသွားသည်။ အိန္ဒိယ၏ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ပေါင်းဆန်ဈေးမှာ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၃၆ - ၃၄၀ အတွင်းရှိနေသည်။

"သင်္ဘောတင်ခများမြင့်မားနေခြင်းကြောင့် အာဖရိကနိုင်ငံများဆီက ဝယ်လိုအားသည် အားနည်းနေဆဲဖြစ်ကြောင်း၊ အိန္ဒိယကုန်သည်များသည် ဝယ်ယူသူများကို ဆွဲဆောင်ရန်အတွက် ရူပီးငွေတန်ဖိုးကျဆင်းမှုကို ထည့်သွင်းတွက်ချက်ပြီး ဈေးနှုန်းများလျှော့ချနေကြကြောင်း" ကောလ်ကတ္တားအခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယရူပီးငွေသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၉၅ ဒသမ ၃၃ ရူပီးအထိ စံချိန်တင်ကျဆင်းသွားခဲ့ရာ၊ ယင်းသည် ပြည်ပသို့ ဆန်တင်ပို့ရောင်းချသူများအတွက် အကျိုးအမြတ် ပိုမိုရရှိစေသည်။

တစ်ချိန်တည်းမှာပင် မုတ်သုံမတိုင်မီ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အိန္ဒိယနိုင်ငံဘက်မှစီးဆင်းလာသော ရေစီးကြောင်းများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အရှေ့မြောက်ပိုင်းရှိ မြစ်ရေများမြင့်တက်လာပြီး နွေစပါး ရိတ်သိမ်းချိန်တွင် ရေကြီးမှုအန္တရာယ်ပိုမိုမြင့်မားလာကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါရေဘေးအန္တရာယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်ဈေးနှုန်းများမြင့်တက်နေချိန်နှင့်တိုက်ဆိုင်နေပြီး သန်းနှင့်ချီသောပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေသည်။

ထိုင်းနိုင်ငံ၏ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါဆန်ဈေးသည် ပြီးခဲ့သည့်အပတ်က အမေရိကန်ဒေါ်လာ ၃၉၀ - ၃၉၅ ရှိရာမှ ယခုအပတ်တွင် အမေရိကန်ဒေါ်လာ ၃၉၀-၄၀၀ ဒေါ်လာအထိ အနည်းငယ်မြင့်တက်လာသည်။

ထိုင်းဆန်အတွက် ဝယ်လိုအားမှာငြိမ်သက်နေပြီး မလေးရှားကဲ့သို့သော အာရှဈေးကွက်များဆီမှ အော်ဒါများရရှိနေသည်ဟု ကုန်သည်များက ပြောကြားထားသည်။ လာမည့်အပတ်များအတွင်း အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများက ဝယ်လိုအားထပ်မံထွက်ပေါ်လာနိုင်သည်ဟု ဘန်ကောက်အခြေစိုက်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် သယ်ယူပို့ဆောင်ရေးစရိတ်များ မြင့်မားလာခြင်းကြောင့် ဆန်ဈေးနှုန်းများမှာ လက်ရှိအဆင့်တွင်သာ ဆက်ရှိနေနိုင်သည် (သို့မဟုတ်) ပိုမိုမြင့်တက်လာနိုင်သည်ဟု ၎င်းကပြောကြား ထားသည်။

ကုန်ကျစရိတ်များမြင့်မားလာခြင်းကြောင့် လယ်သမားများမှာ စပါးစိုက်ပျိုးမှုလျှော့နည်းလာနိုင်ပြီး ကာလလတ်တွင် ဆန်လက်ကျန် နည်းပါးသွားနိုင်သည်ဟု အခြားကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

Source: Asia Rice: Muted demand, weak rupee push India prices lower: The Economic Times

(လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

**Source : [https://myantrade.gov.mm/article/STP(Ygn)_12052026_13:11](https://myantrade.gov.mm/article/STP(Ygn)_12052026_13:11)**

## သမိုင်းတွင် အမြင့်မားဆုံးဆန်သိုလှောင်နိုင်ခဲ့သည့် အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံ စိုက်ပျိုးမွေးမြူရေးဝန်ကြီး Andi Amran Sulaiman က အင်ဒိုနီးရှားနိုင်ငံ၏ အမျိုးသား ဆန်သိုလှောင် ပမာဏသည် သမိုင်းတစ်လျှောက် အမြင့်ဆုံးဖြစ်သော တန်ချိန် ၅ ဒသမ ၃ သန်းအထိ ရောက်ရှိခဲ့ကြောင်း မေလ ၁၃ ရက်နေ့တွင် ပြောကြားခဲ့သည်။ ယနေ့တွင် ၎င်းတို့၏ ဆန်သိုလှောင်ပမာဏသည် အင်ဒိုနီးရှားလွတ်လပ်ရေးရပြီးနောက်ပိုင်း သမိုင်းတစ်လျှောက်အမြင့်ဆုံးဖြစ်သော တန်ချိန် ၅ ဒသမ ၃ သန်းသို့ ရောက်ရှိလာခဲ့ပြီး လကုန်ပိုင်းတွင်လည်း တန်ချိန် ၅ ဒသမ ၅ သန်းအထိ ဆက်လက်မြင့်တက်လာမည်ဟု မျှော်လင့်ထားကြောင်း၊ အဆိုပါဆန်သိုလှောင်ပမာဏမြင့်တက်လာမှုကြောင့် စိုက်ပျိုးရေးသမားများ၏ လူနေမှုအခြေအနေသိသိသာသာတိုးတက်လာပြီး အင်ဒိုနီးရှားစာရင်းအင်းဌာန (BPS)၏ အချက်အလက်များအရ စိုက်ပျိုးရေးသမား ဝင်ငွေနှုန်းထားသည် ၃၃ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း၊ ထို့ပြင် Prabowo Subianto အစိုးရ လက်ထက်တွင် စိုက်ပျိုးရေးကဏ္ဍ၏ GDP တိုးတက်မှုနှုန်းသည် သုည ဒသမ ၆၇ ရာခိုင်နှုန်းမှ ၅ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း၊ BPS နှင့် Food and Agriculture Organization (FAO) ၏ အချက်အလက်များအရ အင်ဒိုနီးရှား၏ အမျိုးသားဆန်ထုတ်လုပ်မှုမှာ တန်ချိန် ၃၄ ဒသမ ၆ သန်းခန့်ရှိပြီး၊ တန်ချိန် ၄ သန်းခန့် ပိုလျှံနေကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် ဆန်သိုလှောင် ပမာဏသည် တန်ချိန် ၅ သန်းကျော် ရှိလာသဖြင့် အစိုးရပိုင် ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ <u>Bulog</u> သည် ဆန်သိုလှောင်ရန် ဂိုဒေါင်များထပ်မံငှားရမ်းနေရကြောင်း သိရသည်။ Bulog ၏ အရှေ့ဂျာဗားဒေသအကြီးအကဲ Langgeng Wisnu Adinugroho ကလည်း ရိတ်သိမ်းရာသီအတွင်း အစားအစာ သိုလှောင်ပမာဏမြင့်တက်လာမှုကို ထိန်းသိမ်းနိုင်ရန် ဂိုဒေါင်သိုလှောင်နိုင်စွမ်းကို ဆက်လက်တိုးချဲ့နေကြောင်းပြောကြားခဲ့သည်။ လက်ရှိတွင် Bulog အရှေ့ဂျာဗား ဒေသ၌ ဂိုဒေါင် ၂၂၃ လုံးရှိပြီး ၎င်းတို့အနက် ၁၉၀ လုံးမှာ ငှားရမ်းထားခြင်းဖြစ်ကာ စုစုပေါင်း သိုလှောင်နိုင်စွမ်း တန်ချိန် ၆၅၀,၀၀၀ ရှိကြောင်း သိရသည်။ ထို့ပြင် ငှားရမ်းထားသော ဂိုဒေါင်များ၏ အသုံးပြုနှုန်းမှာ ၈၀ ရာခိုင်နှုန်းခန့်ရှိနေပြီး ရိတ်သိမ်းရာသီအတွင်း ဆန်နှင့် စပါး ဝယ်ယူလိုအား ဆက်လက်မြင့်တက်နေပါက ဂိုဒေါင်များ ထပ်မံငှားရမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ Source :[https://www.doca.gov.mm/my/node/65508](https://www.doca.gov.mm/my/node/65508)

## အိန္ဒိယအစိုးရက စားသုံးဆီ တင်သွင်းမှုအပေါ် အခွန်တိုးမြှင့်ကောက်ခံရေး စီစဉ်လျက်ရှိ

အိန္ဒိယအစိုးရအရာရှိများက စားသုံးဆီတင်သွင်းမှုများအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်းက လယ်သမားများအား သီးနှံဈေးနှုန်းမြင့်တက်စေခြင်းဖြင့် အကူအညီပေးနိုင်ခြင်း ရှိ၊ မရှိနှင့် သွင်းကုန်အမြောက်အမြား တင်သွင်းခြင်းနှင့်ချိတ်ဆက်နေသည့် နိုင်ငံခြားငွေလဲလှယ်ခြင်း စီးဆင်းမှုများကို ထိန်းချုပ်နိုင်ခြင်း ရှိ၊ မရှိ အခြေအနေများကို ဆန်းစစ်လျက်ရှိကြောင်း အိန္ဒိယ အခြေစိုက် Business Today သတင်းဌာနက မေလ ၁၈ ရက်က ဖော်ပြထားသည်။

အိန္ဒိယအနေဖြင့် လယ်သမားများကို အကူအညီဖြစ်စေရေးနှင့် ရူပီးတန်ဖိုးအပေါ် ဖိအားဖြစ်ပေါ်လာမှုအား လျှော့ချစေရေးတို့အတွက် စားသုံးဆီတင်သွင်းမှုအခွန်ကို တိုးမြှင့်သတ်မှတ်ရန် အဆိုပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယခု

အစီအစဉ်ဖြစ်ပေါ်လာရခြင်းမှာ ယခုနှစ်တွင် ရူပီးငွေကြေးသည် အာရှဒေသ၏အဆိုးဆုံးစွမ်းဆောင်မှုရှိ ငွေကြေးတစ်ခုဖြစ်လာခြင်းနှင့် အစိုးရအနေဖြင့် စားသုံးဆီ၊ ဓာတ်မြေဩဇာ၊ ရွှေနှင့် ရေနံကဲ့သို့သော သွင်းကုန်များအပေါ် မီခိုရမှုလျှော့ချပေးရန်တို့အတွက်ဖြစ်သည်။ မေလ အစောပိုင်းတွင်လည်း အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက စားသုံးဆီအပါအဝင် သွင်းကုန်ပစ္စည်းများအပေါ် မှီခိုအားထားမှု မပြုလုပ်ကြရန် စားသုံးသူပြည်သူများအား တိုက်တွန်းထားကြောင်း ဖော်ပြထားသည်။

အိန္ဒိယအစိုးရအနေဖြင့် ပြီးခဲ့သည့်သီတင်းပတ်အတွင်း အရေးကြီးကုန်စည်စာရင်းတွင် မပါဝင်သည့်သွင်းကုန်များထိန်းချုပ်ရန်ရည်ရွယ်၍ ရွှေနှင့်ငွေ တင်သွင်းမှုအပေါ် အခွန်ကို ၁၅ ရာခိုင်နှုန်းခန့် ဆွဲတင်သတ်မှတ်ခဲ့ကြောင်း သိရသည်။ အိန္ဒိယသည် စားသုံးဆီကို ပြည်တွင်းလိုအပ်ချက်၏ ၆၀ ရာခိုင်နှုန်းခန့်အား ပြည်ပမှတင်သွင်းလျက်ရှိရာ ကမ္ဘာတွင် စားသုံးဆီတင်သွင်းမှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ စားသုံးဆီ သွင်းကုန်အခွန် တိုးမြှင့်သတ်မှတ်မည်ဆိုပါက အင်ဒိုနီးရှား၊ မလေးရှား၊ အာဂျင်တီးနား၊ ဘရာဇီး၊ ရုရှားနှင့် ယူကရိန်းနိုင်ငံတို့မှ အဓိကထွက်ရှိသည့် စားအုန်းဆီ၊ ပဲပုပ်ဆီနှင့် နေကြာဆီတို့အပေါ် သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

စားသုံးဆီ သွင်းကုန်အခွန်တိုးမြှင့်သတ်မှတ်ရေး အဆိုပြုချက်သည် ကမ္ဘာ့အစားအစာ ဈေးနှုန်းမြင့်တက်လာရာမှ စတင်ဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် အီရန်ပဋိပက္ခက သယ်ယူပို့ဆောင်ရေးကွင်းဆက်ကို အခက်အခဲအဟန့်အတားဖြစ်စေသည့်အပြင် ကုန်ပစ္စည်းများ၏ ဈေးနှုန်းများကိုပါ မြင့်တက်လာအောင် တွန်းအားပေးလျက်ရှိသည်။ စားအုန်းဆီသည် ကမ္ဘာ့အသုံးပြုမှုအများဆုံး စားသုံးဆီတစ်မျိုးဖြစ်ပြီး အရှေ့အလယ်ပိုင်းပဋိပက္ခ စတင်ဖြစ်ပွားကတည်းက ၁၂ ရာခိုင်နှုန်းခန့် ဈေးနှုန်းမြင့်တက်လာခဲ့သည်။ စားအုန်းဆီဈေးနှုန်း မြင့်တက်ရသည့်အကြောင်းအရင်းမှာ စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် အင်ဒိုနီးရှား နှင့် မလေးရှားနိုင်ငံတို့က ၎င်းတို့၏ စွမ်းအင်အတွက် ကုန်ကျစရိတ်မြင့်တက်လာမှုကိုကာမိစေရန် စားအုန်းဆီအချိုးကျ ရောနှောပါဝင်သည့် ဇီဝဒီဇယ်ဆီ တိုးမြှင့်ထုတ်လုပ်ရန် စီစဉ်လာမှုကြောင့်ဖြစ်သည်။

သို့သော် အိန္ဒိယအနေဖြင့် စားသုံးဆီ သွင်းကုန်အခွန် တိုးမြှင့်သတ်မှတ်ရေး အစီအမံချမှတ်လိုခြင်းမှာ စားသုံးဆီဝယ်ယူမှုကို နှေးကွေးစေရန်နှင့် မကြာသေးမီကပင် ဈေးနှုန်းတဟုန်ထိုးမြင့်တက်လာခြင်းအား ထိန်းချုပ်နိုင်ရန်တို့အတွက်ဖြစ်ကြောင်းသိရသည်။ စားသုံးဆီသွင်းကုန်အခွန်တိုးမြှင့်ရေးသည် အဆိုပြုစဉ်းစားချက်ဖြစ်ကြောင်းနှင့် Final Decision ကို ဖော်ပြမထားသေးကြောင်း အစီရင်ခံစာက ဆိုသည်။

အိန္ဒိယသည် ပြည်တွင်းစားသုံးဆီဈေးနှုန်း ကျဆင်းစေရေးနှင့် ဆီသန့်စင်ပြုပြင် ထုတ်လုပ်သူများအား အထောက်အကူပြုစေရေးတို့အတွက် စားအုန်းဆီကြမ်း၊ ပဲပုပ်ဆီကြမ်းနှင့် နေကြာဆီကြမ်းတင်သွင်းမှုအခွန်ကို ၂၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ ယခင်နှစ်က လျှော့ချခွင့်ပြုပေးခဲ့သည်။ အိန္ဒိယ ရူပီးငွေကြေးတန်ဖိုးသည် အားပျော့လာခဲ့ပြီး အမေရိကန်ဒေါ်လာထက် ၉၆ ဒသမ ၃၅ ခန့် တန်ဖိုးလျော့ကျခဲ့ကြောင်းနှင့် ရေနံဈေးနှုန်းများ မြင့်တက်လာသဖြင့် ဖိအားများနှင့်ရင်ဆိုင်လျက်ရှိကြောင်း Business Today သတင်းဌာန၏ ဖော်ပြချက်များအား တင်ပြခဲ့သည်။

အိန္ဒိယအစိုးရက စားသုံးဆီ သွင်းကုန်အခွန်တိုးမြှင့်ရေးအစီအမံကို လယ်သမားများအား သီးနှံဈေးနှုန်းများ ပိုမိုရရှိရေး၊ သွင်းကုန်အပေါ် မှီခိုရမှုအားလျှော့ချရေးနှင့် ပြည်တွင်းဆီထွက်သီးနှံများထုတ်လုပ်မှုကို အထောက်အပံ့ဖြစ်ရေးဟူသည့် အကျိုးကျေးဇူးများကိုရှေးရှု၍ ဆောင်ရွက်မည်ဖြစ်သော်လည်း တစ်ဖက်တွင် စားသုံးသူများအတွက် စားသုံးဆီဈေးနှုန်း ပိုမိုမြင့်တက်လာနိုင်ခြင်း၊ တင်သွင်းလာသော စားသုံးဆီများ၏ ကုန်ကျစရိတ်ပိုမိုမြင့်တက်လာနိုင်ခြင်းနှင့် အစားအစာဈေးနှုန်း အတက်အကျဖြစ်ပေါ်လာနိုင်ခြင်းတို့ ကြုံတွေ့လာနိုင်ကြောင်း သိရသည်။

Source: Business Today, 18 May, 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source :https://www.doca.gov.mm/my/node/65698

## သကြားကြမ်း၊ သကြားဖြူနှင့် သန့်စင်သကြားတင်ပို့မှု ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်အထိ အိန္ဒိယနိုင်ငံပိတ်ပင်

အိန္ဒိယနိုင်ငံသည် ပြည်တွင်းဈေးနှုန်းများ တည်ငြိမ်စေရန်နှင့် ရောင်းလိုအားကြပ်တည်းလာမှု အခြေအနေကို တည်ငြိမ်စေရန်ရည်ရွယ်၍ သကြားကြမ်း(Raw Sugar)၊ သကြားဖြူ(White Sugar)နှင့် သန့်စင်သကြား (Refined Sugar)တင်ပို့မှုကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်အထိ ပိတ်ပင်လိုက်သည်။

ကမ္ဘာ့ဒုတိယအကြီးဆုံးသကြားထုတ်လုပ်သည့်နိုင်ငံဖြစ်သော အိန္ဒိယသည် ၂၀၂၆ ခုနှစ်၊ မေလ ၁၃ ရက် နေ့တွင် Notification No. 16 / 2026-27 ဖြင့် သကြားတင်ပို့မှုမူဝါဒကို ယခင် “Restricted” (ကန့်သတ်) မှ “Prohibited” (ပိတ်ပင်) အဖြစ်ပြောင်းလဲသတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

“အဆိုပါပိတ်ပင်မှုသည် CXL(Codex Maximum Residue Limit)နှင့် TRQ(Tariff Rate Quota) စနစ်အောက်မှ EU နှင့် အမေရိကန်နိုင်ငံများသို့ တင်ပို့မှုများ၊ Advance Authorization Scheme ၊ G to G တင်ပို့မှု များနှင့် လက်ရှိတွင် တင်ပို့မှုလုပ်ငန်းစဉ်အတွင်း ရောက်ရှိနေပြီဖြစ်သော ကုန်စည်များအပေါ် သက်ရောက်မှုမရှိကြောင်း” အိန္ဒိယပြည်ပကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန (Directorate General of Foreign Trade-DGFT) က ပြောကြားထားသည်။

အိန္ဒိယသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ယင်းသကြားအမျိုးအစားများကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ တင်ပို့ခဲ့ပြီး အဓိကတင်ပို့သည့်နိုင်ငံများမှာ ဆူဒန်၊ လစ်ဗျား၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာ တို့ဖြစ်ကြောင်း ဖော်ပြထားသည်။

အသိပေးအကြောင်းကြားစာအရ တရားဝင်ကြေညာချက်မထုတ်ပြန်မီ သင်္ဘောပေါ်သို့သကြားတင်ဆောင်မှု စတင်ပြီးဖြစ်ခြင်း၊ Shipping Bill တင်သွင်းပြီးဖြစ်ခြင်း၊ သင်္ဘောသည် အိန္ဒိယဆိပ်ကမ်းတွင် ဆိုက်ကပ်ထားခြင်း သို့မဟုတ် ဆိပ်ကမ်းအာဏာပိုင်မှ Rotation Number ချထားပြီးဖြစ်ပါက တင်ပို့မှုကို ဆက်လက် ခွင့်ပြုမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် အသိပေးအကြောင်းကြားမထုတ်ပြန်မီ အကောက်ခွန်ဌာန သို့မဟုတ် ထိန်းသိမ်းရေးတာဝန်ရှိသူများထံ လွှဲပြောင်းထားပြီးဖြစ်သော ကုန်ပစ္စည်းများကိုလည်း ဆက်လက်ရှင်းလင်းပေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

Source: India prohibits raw, white & refined sugar export till Sept 30: The Economic Times: May 14, 2026., (လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source : https://myantrade.gov.mm/article/STP(Ygn)_18052026_15:03

## အနောက်ဘင်္ဂလားပြည်နယ်၌ အာလူးနှင့် အခြေခံကုန်စည်များ ပြည်နယ်ပြင်ပသို့ တင်ပို့မှုပိတ်ပင်ချက်ကို ဝန်ကြီးချုပ်သစ်ပယ်ဖျက်

အနောက်ဘင်္ဂလားပြည်နယ်ဝန်ကြီးချုပ် ရှုဘန်ဒူး အဒီကာရီက ပြည်နယ်အတွင်းရှိ အာလူးစိုက်တောင်သူများနှင့် ကုန်သည်များ ကာလရှည်ကြာတောင်းဆိုလာခဲ့သည့်အချက်ကိုလိုက်လျောပြီး ပြည်နယ်ပြင်ပသို့ အာလူးတင်ပို့မှု ပိတ်ပင်ထားခြင်းကို မေလ ၁၄ ရက်နေ့က ပယ်ဖျက်ပေးလိုက်ကြောင်း သိရသည်။ အဆိုပါ ဖြေလျှော့မှုတွင် အာလူးသာမက ကြက်သွန်နီ၊ စားသောက်ကုန်သီးနှံများ၊ ဆီထွက်သီးနှံများ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် အခြားမရှိမဖြစ်လိုအပ်သော ကုန်စည်အားလုံးကို နိုင်ငံတစ်ဝန်း မည်သည့်ဒေသသို့မဆို အဟန့်အတားမရှိ သယ်ယူပို့ဆောင်ခွင့်ပြုလိုက်ကြောင်း သိရသည်။

“ဒီနေ့ကစပြီး ပြည်နယ်အချင်းချင်း နယ်စပ်ဂိတ်တွေမှာ စိုက်ပျိုးရေး ဒါမှမဟုတ် မွေးမြူရေးထွက်ကုန် သယ်ယူပို့ဆောင်မှုကို ဘယ်သူမှမတားဆီးရဘူး။ နှောင့်ယှက်မှုတွေလည်းမရှိစေရဘူး"ဟု ဝန်ကြီးချုပ် အဒီကာရီက ပြည်နယ်အတွင်းဝန်ရုံး သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ကြောင်း သိရသည်။

ယခင်အစိုးရ၏ ညွှန်ကြားချက်များကြောင့် အအေးခန်းသိုလှောင်ရုံပိုင်ရှင်များအနေဖြင့် အာလူးများ သိုလှောင်ရန် စိုးရိမ်ထိတ်လန့်မှုများရှိခဲ့ကြောင်း အနောက်ဘင်္ဂလားပြည်နယ် အအေးခန်းသိုလှောင်ရုံလုပ်ငန်းရှင် များအသင်း(West Bengal Cold Storage Association)ဥက္ကဋ္ဌ Subhajit Saha က ပြောကြားခဲ့ကြောင်း သိရသည်။ ၂၀၂၄ ခုနှစ်၌ အစိုးရချမှတ်ခဲ့သော အမိန့်ကြောင့် တောင်သူများ များစွာဆုံးရှုံးနစ်နာခဲ့ရကြောင်း၊ အဆိုပါ အမိန့်အပေါ် ကြောက်ရွံ့မှုများကြောင့် ၂၀၂၅ နဲ့ ၂၀၂၆ ခုနှစ်များတွင် အသင်း၏အအေးခန်းများ၌ အာလူးသိုလှောင်ခြင်းများမလုပ်ခဲ့ရကြောင်း၊ ထို့ကြောင့် အာလူးအထွက်နှုန်းအများစုအနေဖြင့် စိုက်ခင်းများထဲ၌ပင် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် ပြည်နယ်အတွင်း အာလူးတန်ချိန်တစ်သန်းခန့် လက်ကျန်ရှိနေပြီး ၎င်းတို့ကို အခြားပြည်နယ်များသို့ တင်ပို့ရမည်ဖြစ်ကြောင်း အသင်းကဆက်လက်ပြောကြားခဲ့သည်။ "ဒီနှစ်မှာ တောင်သူတိုင်းဟာ ချွေးနဲ့စာတွေရင်းပြီး စိုက်ပျိုးခဲ့ပေမဲ့ ဘဏ္ဍာရေးအရ ဆုံးရှုံးမှုတွေနဲ့ပဲရင်ဆိုင်ခဲ့ရတယ်။ ဒီအကျိုးဆက်တွေကို မကြာသေးမီက ကျင်းပခဲ့တဲ့ရွေးကောက်ပွဲရလဒ်တွေ မှာ မြင်တွေ့ခဲ့ရပြီးဖြစ်ပါတယ်" ဟု ၎င်းက ထည့်သွင်းပြောဆိုခဲ့သည်။

ထို့ပြင်လက်ရှိအခြေအနေကို ဖြေရှင်းနိုင်မည့် လမ်းပြမြေပုံ (Roadmap) ရေးဆွဲအတည်ပြုရန်အတွက် ကော်လ်ကတ္တားမြို့ရှိ Khadya Bhawan ၌ အရေးကြီးသော အစည်းအဝေးတစ်ခုကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Sources: NDTV: Suvendu Adhikari Lifts Bengal's Inter-State Potato Export Ban

(ဖြူသဲနွယ်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source :https://myantrade.gov.mm/article/STP(Ygn)_18052026_11:02

## အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင်တင်ပို့မှုကဏ္ဍသစ်ဖွင့်လှစ်

အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင်တင်ပို့မှုသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်(FY25)အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၂ ဘီလီယံအထိရောက်ရှိခဲ့ပြီး ယခင်နှစ်ထက် ၆ ရာခိုင်နှုန်းတိုးတက်ကာ စံချိန်တင်မြင့်တက်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ဈေးကွက်အတွင်း ဇီယာ၊ နနွင်း၊ ဟင်းခတ်အမွှေးအကြိုင်ဆီများနှင့် ငရုတ်ကောင်းတို့အပေါ် ဝယ်လိုအားမြင့်မားလာခြင်းက ယခုကဲ့သို့တင်ပို့မှု မြင့်တက်လာစေသည့် အဓိကတွန်းအားဖြစ်ခဲ့သည်။

အိန္ဒိယ၏ အကြီးမားဆုံးဟင်းခတ်အမွှေးအကြိုင်ပို့ကုန်ဖြစ်သည့် ငရုတ်သီးတင်ပို့မှုသည် ဈေးနှုန်းအတက်အကျ ပြုပြင်ပြောင်းလဲမှုများကြောင့် တင်ပို့မှုတန်ဖိုးမှာ ၁၁ ရာခိုင်နှုန်းလျော့နည်းကာ ဒေါ်လာ ၁ ဒသမ ၃၄ ဘီလီယံသာရှိခဲ့ကြောင်း သိရသည်။ သို့သော်လည်း တင်ပို့မှုပမာဏမှာမူ တန်ချိန် ၇ ဒသမ ၁၅ သိန်း(၁၉ ရာခိုင်နှုန်းနီးပါး)အထိခုန်တက်သွားပြီး ၎င်းကိန်းဂဏန်းသည် ငရုတ်သီးအပေါ် ကမ္ဘာ့ဝယ်လိုအား ဆက်လက် မြင့်မားနေဆဲဖြစ်ကြောင်း ပြသနေသည်။ ဒုတိယအကြီးဆုံးပို့ကုန်ဖြစ်သည့် ဇီယာသည် တန်ဖိုးအားဖြင့် ၅ ရာခိုင်နှုန်းတိုးတက်ကာ ဒေါ်လာ ၇၃၂ ဒသမ ၃၅ သန်းရှိခဲ့ပြီး၊ တင်ပို့မှုပမာဏမှာ ၆ ဒသမ ၁၇ သိန်းတန်(၆ ရာခိုင်နှုန်းကျော်) တိုးတက်လာခဲ့သည်။

နနွင်းတင်ပို့မှုသည် တင်ပို့သည့်ပမာဏပိုမိုများပြားလာခြင်းကြောင့် တန်ဖိုးအားဖြင့် ၅၁ ရာခိုင်နှုန်းအထိအံ့အားသင့်ဖွယ်ခုန်တက်ခဲ့ပြီး ဒေါ်လာ ၃၄၁ သန်းအထိရောက်ရှိခဲ့သည်။ ထို့အတူ ဟင်းခတ်အမွှေးအကြိုင်ဆီနှင့် အဆီအနှစ်များ (Oleoresins) တင်ပို့မှုသည်လည်း တန်ဖိုးအားဖြင့် ၈ ရာခိုင်နှုန်းနှင့် ပမာဏအားဖြင့် ၁၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ ဒေါ်လာ ၅၃၅ ဒသမ ၉၂ သန်းရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ဟင်းခတ်အမွှေးအကြိုင်ကဏ္ဍတွင် အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိနေခြင်းသည် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များအပေါ် နိုင်ငံတကာ၏ယုံကြည်မှုကို ဖော်ပြနေခြင်းဖြစ်ကြောင်း စီးပွားရေးလေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အကြီးဆုံးဟင်းခတ်အမွှေးအကြိုင်ထုတ်လုပ်သူနှင့် တင်ပို့သူအဖြစ် ခိုင်မာစွာ ရပ်တည်လျက်ရှိပြီး၊ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ပို့ကုန်တန်ဖိုးကို အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ အထိလည်းကောင်း၊ ၂၀၄၇ ခုနှစ်တွင် ဒေါ်လာ ၂၅ ဘီလီယံအထိလည်းကောင်း တိုးမြှင့်ရန် ရည်မှန်းချက်ထားရှိကြောင်း သိရသည်။

ယခုကဲ့သို့ပို့ကုန်ကဏ္ဍတိုးတက်လာခြင်းသည် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးအခြေခံစီးပွားရေးလုပ်ငန်းများ ခိုင်မာအားကောင်းမှုကိုပြသနေပြီး၊ ကမ္ဘာ့ဈေးကွက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည့် အလားအလာကောင်းများကို ဖော်ညွှန်းနေသည်။ ကုန်ကြမ်းပို့ကုန်များအပြင် တန်ဖိုးမြင့်ထုတ်ကုန်များကိုပါ တိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် အဆိုပါရည်မှန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

Source: The Economic Time: India’s spice exports hit a new high of $4.72 billion in FY25 on strong demand

(ဖြူသဲနွယ်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source : https://myantrade.gov.mm/article/STP(Ygn)_18052026_11:30

## ဂျပန်နိုင်ငံသည် လာမည့်ဇွန်လအတွင်းတွင် ရေနံစိမ်းဝယ်ယူမှု၏ ၇၀ ရာခိုင်နှုန်းကျော်ကို အရှေ့အလယ်ပိုင်းဒေသမဟုတ်သော အခြားနိုင်ငံများထံမှ ဝယ်ယူသွားမည်ဖြစ်

ဂျပန်နိုင်ငံသည် လာမည့်ဇွန်လအတွင်းတွင် ရေနံစိမ်းဝယ်ယူမှု၏ ၇၀ ရာခိုင်နှုန်းကျော်ကို အရှေ့အလယ်ပိုင်းဒေသမဟုတ်သော အခြားနိုင်ငံများထံမှ ဝယ်ယူသွားမည်ဖြစ်ကြောင်း The Japan Times သတင်းဌာန ၏အွန်လိုင်းသတင်းတွင် “Japan to procure 70% of its oil for June from outside Middle East” ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် ဂျပန်နိုင်ငံသည် လာမည့်ဇွန်လအတွင်းတွင် ရေနံစိမ်းဝယ်ယူမှု၏ ၇၀ ရာခိုင်နှုန်းကျော်ကို အရှေ့အလယ်ပိုင်းဒေသမဟုတ်သော အမေရိကန်ပြည်ထောင်စု၊ လက်တင်အမေရိက၊ အာရှအလယ်ပိုင်းဒေသနှင့် အာဖရိကတိုက်တို့မှ ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးအနေဖြင့် လာမည့်ဇူလိုင်လအတွင်းတွင် ရေနံစိမ်းကို အခြားနိုင်ငံများမှ ပိုမိုရွေးချယ်ဝယ်ယူနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းမဟုတ်သည့်ဒေသများထံမှ ရေနံစိမ်းပြောင်းလဲဝယ်ယူရရှိရန် ကြိုးပမ်းအားထုတ်မှုများ တိုးတက်လာသည့်အတွက် ယခုလအတွင်း အစိုးရသည် နိုင်ငံတွင် အရန်အဖြစ်သိုလှောင်ထားရှိသည့် ရေနံများကို ထပ်မံထုတ်ပေးမည်မဟုတ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆာနာအဲတာကာအီချီက သက်ဆိုင်ရာဝန်ကြီးများနှင့် ပြုလုပ်ခဲ့သည့် အစည်းအဝေးတစ်ရပ်တွင် ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံအစိုးရသည် ပြီးခဲ့သည့်လကကြေညာခဲ့သည့် အစိုးရက အရန်အဖြစ်သိုလှောင်ထားရှိသည့် ဆေးဘက်ဆိုင်ရာအသုံးပြုသည့်လက်အိတ်များအနက် အခုရေ ၅,၀၀၀ ထုတ်ပေးမည့်အစီအစဉ်အား လာမည့်ရက်သတ္တပတ်မှစတင်ကာ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများထံမှ လျှောက်ထားမှုများကို လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မော်တော်ကားများတွင်အသုံးပြုသည့် ချောဆီရောင်းချမှုတည်ငြိမ်စေရေးအတွက် ဝယ်ယူမှုများကို ပြီးခဲ့သည့်နှစ်ကရောင်းချခဲ့သည့် ပမာဏအတိုင်း ကန့်သတ်ရောင်းချရန် ဂျပန်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(JCCI)နှင့် ဂျပန်မော်တော်ယာဉ်ထုတ်လုပ်သူများအသင်း(JAMA)တို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် စက်မှုဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း ဖော်ပြထားသည်။ Source: https://www.japantimes.co.jp/business/2026/05/13/economy/oil-alter native-sources/

(ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့),Source : https://myantrade.gov.mm/article/STP(Ygn)_25052026-14:52

## တရုတ်နိုင်ငံက အမေရိကန်စိုက်ပျိုးရေးထွက်ကုန်များကို ဒေါ်လာဘီလီယံပေါင်းများစွာ ထပ်မံဝယ်ယူဖွယ်ရှိ

သမ္မတဒေါ်နယ်ထရမ့်၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း ပဲတီစိမ်း၊ ပဲပုပ်အပြင် အခြားသော အမေရိကန်စိုက်ပျိုးရေးထွက်ကုန်များကိုပါ ဒေါ်လာဘီလီယံပေါင်းများစွာ ထပ်မံတင်ပို့နိုင်မည့်အခွင့်အလမ်းများ ပွင့်လန်းလာလိမ့်မည်ဟု မျှော်လင့်ရကြောင်း သိရသည်။

မေလ ၁၅ ရက်နေ့က Bloomberg နှင့် ပြုလုပ်ခဲ့သော အင်တာဗျူးတစ်ခုတွင် အမေရိကန် ကုန်သွယ်ရေး ကိုယ်စားလှယ်ဂျေမီဆင်ဂရင်းယား (Jamieson Greer) က ပေကျင်းမြို့တွင် ပြုလုပ်မည့် သမ္မတဒေါ်နယ်ထရမ့်နှင့် သမ္မတ ရှီကျင့်ဖျင်တို့၏ ထိပ်သီးအစည်းအဝေးအပြီး၌ အမေရိကန်စိုက်ပျိုးရေးထွက်ကုန်များကို ဒေါ်လာ “ဘီလီယံပေါင်းများစွာ” ထပ်မံ ဝယ်ယူရန် တရုတ်နိုင်ငံက သဘောတူညီချက်များ လက်မှတ်ရေးထိုးလိမ့်မည်ဟု ခန့်မှန်းပြောကြားခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့်နှစ် အောက်တိုဘာလက နှစ်ဖက်စလုံးသည် တစ်နှစ်လျှင် ပဲပုပ်တန်ချိန် ၂၅ သန်းဝယ်ယူရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဂရင်းယားက ပြောကြားခဲ့သည်။ ထို့ကြောင့် အမေရိကန်အနေဖြင့် “ယခုခရီးစဉ်ကြောင့် လာမည့်သုံးနှစ်အတွင်း နှစ်စဉ် ဒေါ်လာ ဘီလီယံပေါင်းများစွာ တန်ဖိုးရှိသော စိုက်ပျိုးရေးထွက်ကုန်များကို ထပ်မံဝယ်ယူမည့် သဘောတူညီချက်များကိုမြင်တွေ့ရရန်” မျှော်လင့်ထားသည်။ “ဒါက စုစုပေါင်းပမာဏပါ။ ပဲပုပ်တင်မကဘဲ အခြားထွက်ကုန်တွေလည်း ပါဝင်ပါတယ်” ဟု ၎င်းက ပြောကြားခဲ့သည်။

အလားတူပင် မေလ ၁၄ ရက်နေ့က ထုတ်လွှင့်ခဲ့သော Fox News နှင့် အင်တာဗျူးတွင်လည်း မစ္စတာ ထရမ့်က “တရုတ်နိုင်ငံက ကျွန်တော်တို့ရဲ့ စိုက်ပျိုးရေးထွက်ကုန်တွေကို ပိုပြီးဝယ်ယူသွားမှာပါ” ဟု အတည်ပြုပြောကြားခဲ့သည်။ ဒေါ်လာဘီလီယံပေါင်းများစွာ” တန်ဖိုးရှိမည့်အုပ်စုတွင် မည်သည့်ပစ္စည်းများပါဝင်မည် သို့မဟုတ် ပဲပုပ်ပါဝင်ဦးမည်ကိုမူ ရှင်းရှင်းလင်းလင်းမသိရသေးပေ။ လေ့လာဆန်းစစ်သူများနှင့် ကုန်သည်များကမူ မနှစ်က ပဲပုပ်သဘောတူညီချက်သည်လည်း ယခုအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်နိုင်သည်ဟု သုံးသပ်ကြသည်။ ထိုသဘောတူညီချက်တစ်ခုတည်းတင် ဒေါ်လာ ၁၀ ဘီလီယံကျော် တန်ဖိုးရှိခဲ့ကြောင်း သိရသည်။

ပဲပုပ်သည် လောလောဆယ်တွင် ကမ္ဘာ့ထိပ်တန်း ပဲပုပ်တင်သွင်းသူဖြစ်သည့် တရုတ်နိုင်ငံသို့ အမေရိကန်၏ အကြီးမားဆုံးပို့ကုန်ဖြစ်သည်။ ပဲပုပ်သည် ထရမ့်၏ သမ္မတသက်တမ်း နှစ်ခုစလုံးအတွင်း ကုန်သွယ်ရေးညှိနှိုင်းမှုများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ တရုတ်နိုင်ငံသည် ပဲပုပ်ဝယ်ယူမည့် ကတိကဝတ်ကို ဖြည့်ဆည်းပေးနေပြီး၊ ဝါရှင်တန်အနေဖြင့် ယခုနှစ်ကုန်တွင် ထပ်ဆောင်းဝယ်ယူမှုများရှိလာရန် မျှော်လင့်ထားကြောင်း ဂရင်းယားက ပြောကြားခဲ့သည်။

"ဒေါ်လာဘီလီယံပေါင်းများစွာဆိုတာက သိပ်ပြီး အဓိပ္ပာယ်အများကြီး မဖော်ဆောင်ပေမဲ့ 'နှစ်ကုန်' ဆိုတဲ့ စကားစုက တရုတ်နိုင်ငံအနေနဲ့ သီးနှံဟောင်းပဲပုပ်တွေကို ဝယ်ယူမှာမဟုတ်ဘူးဆိုတာကို ပြောင်းလဲညွှန်းဆိုနေပါတယ်" ဟု အာရှကုန်သည်တစ်ဦးက မှတ်ချက်ပြုခဲ့သည်။ ဖေဖော်ဝါရီလတုန်းက ထရမ့်သည် မကြာသေးမီကမှ ရိတ်သိမ်းထားသော အမေရိကန် သီးနှံများထဲမှ ပဲပုပ်တန်ချိန် ၈ သန်း ထပ်မံဝယ်ယူမည့် တရုတ်နိုင်ငံ၏ ဖြစ်နိုင်ခြေကို ပြောကြားခဲ့ဖူးသည်။ သို့သော်လည်း လက်ရှိတွင် ဤဖြစ်နိုင်ခြေမှာ အလွန်နည်းပါးသွားပြီဟု ကုန်သည်များက ယုံကြည်ကြသည်။

ထိပ်သီးအစည်းအဝေးမတိုင်မီ ဈေးကွက်အတွင်း၌ ပေကျင်းအနေဖြင့် ပဲပုပ်ဝယ်ယူမှုပစ်မှတ်ကို တန်ချိန် ၂၅ သန်းထက်ပိုမိုတိုးမြှင့်လိမ့်မည်ဟု မျှော်လင့်ထားကြပေ။ ဤအမြင်ကို မေလ ၁၄ ရက်နေ့က အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Scott Bessent ပြောကြားချက်က ပိုမိုခိုင်မာစေခဲ့ပြီး ၎င်းက လက်ရှိသဘောတူညီချက်သည် ပြဿနာကို ဖြေရှင်းပြီးဖြစ်ကြောင်း အရိပ်အမြွက် ပြောကြားခဲ့သည်။

ကုန်သည်များသည် ပဲပုပ်သွင်းကုန်ခွန် လျှော့ချပေးနိုင်မည့် ဖြစ်နိုင်ခြေကို အနီးကပ်စောင့်ကြည့်နေကြသည်။ ဤလုပ်ဆောင်ချက်သည် တရုတ်ပုဂ္ဂလိကပဲပုပ်ကြိတ်ခွဲရေးစက်ရုံများ အမေရိကန်ပဲပုပ်များကို ပြန်လည်ဝယ်ယူနိုင်ရန် ကူညီပေးနိုင်သည်။ မနှစ်က သွင်းကုန်ခွန်မြင့်မားမှုကြောင့် ၎င်းတို့သည် လပေါင်းများစွာ ဝယ်ယူမှုများကို ရပ်ဆိုင်းခဲ့ကြရသည်။ ထိုအချိန်က တရုတ်နိုင်ငံပိုင်လုပ်ငန်းများသာလျှင် ယင်းထုတ်ကုန်ကို ဆက်လက် ဝယ်ယူခဲ့ကြကြောင်း သိရသည်။

Source : VN Express ,     Source : https://www.doca.gov.mm/my/node/65696

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပဲပိစပ်ဆီတင်သွင်းမှု သိသိသာသာကျဆင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ပဲပိစပ်ဆီတင်သွင်းမှုသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း သိသိသာသာကျဆင်းမှုရှိသည်။

ပြည်တွင်းဈေးနှုန်းများသည် နိုင်ငံတကာဈေးကွက်ပေါက်နှုန်းနှင့်အညီ ညှိနှိုင်းပြင်ဆင်ထားခြင်းမရှိသောကြောင့် တင်သွင်းမှုများကို လျှော့ချလိုက်ကြောင်း သွင်းကုန်လုပ်ငန်းရှင်များက ပြောကြားခဲ့သည်။ ယခုလက်ရှိ အစိုးရနှင့် ယခင်ကြားဖြတ်အစိုးရတို့ထံ ဈေးနှုန်းတိုးမြှင့်ပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း အရှုံးခံရောင်းချနေရသည့် အခြေအနေမှာ ရေရှည်တွင် မဖြစ်နိုင်တော့ကြောင်း ၎င်းတို့က ဖြည့်စွက်ပြောကြားခဲ့သည်။ သို့သော်လည်း အစိုးရဘက်ကမူ ဈေးနှုန်းကို ထိန်းချုပ်ထားရန် ကြိုးပမ်းနေပြီး တင်သွင်းမှုအခြေအနေမှာ တည်ငြိမ်နေဆဲဖြစ်သဖြင့် ယခုအချိန်တွင် ဝင်ရောက်စွက်ဖက်ရန် မလိုအပ်ကြောင်း တုံ့ပြန်ထားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ စားအုန်းဆီတင်သွင်းမှုများသည် ယခင်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၁၅ ရက်နေ့တွင် တန်ချိန် ၄ ဒသမ ၅၉ သိန်းရှိခဲ့ရာမှ ယခုနှစ်ကာလတူတွင် တန်ချိန် ၄ ဒသမ ၅၇ သိန်းသာရှိသဖြင့် သိသာစွာပြောင်းလဲခြင်း မရှိကြောင်း ဖော်ပြထားသည်။ သို့သော်လည်း ပဲပိစပ်ဆီတင်သွင်းမှုသည် ယင်းကာလအတွင်း တန်ချိန် ၄ ဒသမ ၄၈ သိန်းမှ ၂ ဒသမ ၆၁ သိန်းသို့ သိသာစွာကျဆင်းသွားကြောင်း ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ နှစ်စဉ် စားအုန်းဆီဝယ်လိုအားမှာ တန်ချိန် ၂၄ သိန်းဖြစ်ပြီး ၉၀ ရာခိုင်နှုန်းက ပြည်ပမှတင်သွင်းကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကုန်သွယ်ရေးနှင့် အကောက်ခွန်ကော်မရှင်၏ အချက်အလက်များအရ သိရသည်။ မကြာသေးမီကာလက ဈေးကွက်အတွင်း အချို့ဒေသများ၌ ဟင်းချက်ဆီ ပြတ်လပ်မှုများကြောင့် ဈေးနှုန်းများ မြင့်တက်နေပြီး ဝယ်ယူရန် ခက်ခဲလာသည်။

ထိပ်သီးစားအုန်းဆီတင်သွင်းသူတစ်ဦးဖြစ်သည့် Meghna Group of Industries ၏ ဥက္ကဋ္ဌ Mostafa Kamal က ဈေးနှုန်းသတ်မှတ်ချက်ဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်ခြင်းမရှိသည့်အတွက် ယခုကဲ့သို့ တင်သွင်းမှုလျော့ကျလာခြင်းဖြစ်ကြောင်း ဝေဖန်ပြောဆိုခဲ့သည်။ ထို့ပြင် ဈေးနှုန်းသတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် အစိုးရအစည်းအဝေးများကို ယခင်နှစ်အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ဆွေးနွေးပြောကြားခဲ့သော်လည်း အကောင်အထည်ဖော်နိုင်ရန် နှောင့်နှေးကြန့်ကြာခဲ့ကြောင်းနှင့် ထိရောက်သောဆုံးဖြတ်ချက်ကို မချမှတ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ၎င်းက "လုပ်ငန်းရှင်တွေ အရှုံးနဲ့လည်ပတ်နေရတာပါ၊ ဘယ်ကုမ္ပဏီမှ ရေရှည်အရှုံးမခံနိုင်ဘူး"ဟု အနာဂတ်ကာလများမှာ ရောင်းလိုအားနှင့်စပ်လျဉ်းပြီး သတိပေးပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်၏ ကုန်စည်စျေးနှုန်းဆိုင်ရာအချက်အလက်များအရ နိုင်ငံတကာစျေးကွက်၌ ပဲပုပ်ဆီစျေးနှုန်းသည် ဇန်နဝါရီလတွင် တစ်တန်လျှင် ၁,၁၅၄ ဒေါ်လာ အရောင်းအဝယ်ဖြစ်ရာမှ ဖေဖော်ဝါရီလတွင် ၁,၂၈၂ ဒေါ်လာ မတ်လတွင် ၁,၄၈၂ ဒေါ်လာအထိ မြင့်တက်လာခဲ့သည်။ အမည်မဖော်လိုသည့် အဓိကတင်သွင်းသူ အရာရှိတစ်ဦး၏ အဆိုအရ ဆီတစ်လီတာလျှင် တာကာ ၂၀ (Tk 20) ခန့် အရှုံးပေါ်နေခြင်းကြောင့် ကုမ္ပဏီများအနေဖြင့် ပုံမှန်စတော့ပမာဏကို ထိန်းသိမ်းနိုင်ရန် ဖိအားများ ရှိနေပြီး သင်္ဘောတစ်စီးစာ တင်သွင်းတိုင်း တာကာ ၁၅ ကုဋေမှ ၂၀ ကုဋေ အထိ အရှုံးပေါ်နိုင်ကြောင်း သိရသည်။

ပဲပိစပ်ဆီနှင့်စပ်လျဉ်းပြီး အစိုးရက စုဆောင်းရရှိသော အချက်အလက်များအရ စျေးနှုန်းကိုတံဆိပ်ပေါ်တွင် ရိုက်နှိပ်ထားသည့် ဘူးသွင်းပဲပုပ်ဆီသည် စျေးကစားရန်အခွင့်အလမ်း မရှိကြောင်း ဖော်ပြသနေသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Khandakar Abdul Muktadir ပြောကြားခဲ့သည်။ ဘူးသွင်းဆီ ရောင်းလိုအားသည် လက်ရှိတွင် “အတန်ငယ်အကန့်အသတ်ရှိသည်”ဟု ၎င်းက ပြန်ကြားခဲ့သည်။ မထုပ်ပိုးရသေးသည် ပဲပိစပ်ဆီသည် အစိုးရသတ်မှတ်စျေးထက် အနည်းငယ်ပိုမြင့်တက်ကာ အရောင်းအဝယ်ဖြစ်နေသော်လည်း “ပမာဏလုံလုံလောက်လောက်ရှိနေသည်”ဟု ဆိုသည်။ “ကျွန်တော်တို့အနေဖြင့် ယင်းအခြေအနေများကို အနီးကပ်စောင့်ကြည့်လျက်ရှိပြီး သင့်လျော်သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်သွားမည်” ဟု ဆိုသည်။

ကျွန်တော်တို့အနေဖြင့် “အရေးကြီးကုန်စည်များ၏ လက်ရှိစျေးနှုန်းအဆင့်အတန်းအပြင် တင်သွင်းမှုအခြေအနေများကိုလည်း ပြန်လည်သုံးသပ်လျက်ရှိပြီး ယခုအချိန်အထိ သွင်းကုန်အခြေအနေသည် တည်ငြိမ်နေဆဲဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ကြီးကြီးမားမား ဝင်ရောက်စွက်ဖက်သင့်သည့် အဓိကပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်မလာသေးပါ"ဟု ဝန်ကြီးက ထပ်လောင်းပြောကြားခဲ့သည်။

Source: The Daily Star, 23 April 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာစျေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source : https://www.doca.gov.mm/my/node/65266

## ကွန်ဂိုရေနံစိမ်း စည်ပေါင်း ၉၅၀,၀၀၀ လက်ခံရရှိခဲ့သည့် ဗီယက်နမ် Nghi Son ရေနံချက်စက်ရုံ

Nghi Son Refinery and Petrochemical Plant သည် ပြည်တွင်းစျေးကွက်ရှိ လောင်စာလိုအပ်ချက်ဖြည့်ဆည်းနိုင်ရန်အတွက် ကွန်ဂိုနိုင်ငံမှ တင်သွင်းလာသော Djeno ရေနံစိမ်းစည်ပေါင်း ၉၅၀,၀၀၀ ကျော်ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။ အဆိုပါရေနံစိမ်း တင်သွင်းမှုကို Nghi Son Petroleum Products Distribution Branch (PVNDB) က စီစဉ်ခဲ့ခြင်းဖြစ်ပြီး ၎င်းသည် Vietnam National Industry - Energy Group ၏ လက်အောက်ခံလုပ်ငန်းတစ်ခုဖြစ်ကာ စက်ရုံ၏လည်ပတ်မှုတည်ငြိမ်စေရန်ရည်ရွယ်ကြောင်း သိရသည်။ ရေနံစိမ်း တင်သွင်းရာတွင် အရင်းအမြစ်မျိုးစုံထားရှိခြင်းသည် Nghi Son Refinery and Petrochemical LLC အတွက် ကုန်ကြမ်းထောက်ပံ့မှု တည်ငြိမ်စေရန်နှင့် ပြည်တွင်းလောင်စာဆီထောက်ပံ့မှု လုံခြုံမှုရှိစေရန် အရေးကြီးကြောင်း သုံးသပ်ထားသည်။

အထူးသဖြင့် အရှေ့အလယ်ပိုင်းဒေသ တင်းမာမှုများကြောင့် ကူဝိတ်နိုင်ငံမှ ရေနံတင်သွင်းမှုများ ထိခိုက်လာသည့် အခြေအနေတွင် ထိုသို့ဆောင်ရွက်လာခြင်းဖြစ်ကြောင်း သိရသည်။ ကူဝိတ်ရေနံသည် စက်ရုံ၏ မူလဒီဇိုင်းအရ အဓိက ကုန်ကြမ်းဖြစ်နေဆဲဖြစ်သော်လည်း NSRP သည် အစားထိုးကုန်ကြမ်းများကို လုံခြုံပြီး ထိရောက်စွာအသုံးပြုနိုင်ရန်ကြိုးပမ်းမှုအဖြစ် Das Blend ရေနံစိမ်းပထမအသုတ်ကို ယခင်က အောင်မြင်စွာ စမ်းသပ်အသုံးပြုခဲ့ဖူးကြောင်း သိရသည်။ ယခုဆောင်ရွက်မှုသည် ကူဝိတ်ရေနံ သို့မဟုတ် အလားတူ အလတ်စား ရေနံများနှင့်အတူ နှစ်စဉ် ရေနံစိမ်းအသစ် စည်ပေါင်း ၁၀ သန်းမှ ၁၂ သန်းအထိ ထပ်မံသုံးစွဲနိုင်ရန် ရည်ရွယ်သည့် မဟာဗျူဟာ၏တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း စက်ရုံကပြောကြားခဲ့သည်။ အထူးသဖြင့် Residue Hydrodesulfurisation(RHDS) ယူနစ်တွင် catalyst အစားထိုးရသည့်ကာလများကဲ့သို့ လည်ပတ်မှု အခြေအနေများတွင် ၎င်းရည်မှန်းချက်ကို အသုံးချသွားမည်ဟု သိရသည်။ Petrovietnam ၏ နိုင်ငံတကာ ကုန်သွယ်ရေး မဟာဗျူဟာအရ PVNDB သည် NSRP အတွက် ပထမဆုံးရေနံစိမ်းတင်သွင်းမှုကို အောင်မြင်စွာ စီစဉ်ပေးနိုင်ခဲ့ပြီး ၎င်းသည် ရေနံစိမ်းထောက်ပံ့ရေးအရင်းအမြစ်များမျိုးစုံပြုလုပ်ရေး ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။ ထိုဆောင်ရွက်မှုသည် နိုင်ငံ၏စွမ်းအင်ဖူလုံရေးကို အထောက်အကူပြုသည့်အပြင် PVNDB အနေဖြင့် လောင်စာဖြန့်ဖြူးရေးမှ ရေနံစိမ်းထောက်ပံ့ရေး ကွင်းဆက်အတွင်း ပိုမိုနက်ရှိုင်းစွာ ပါဝင်လာခြင်းကိုလည်း ဖော်ပြနေကြောင်း သိရသည်။ Petrovietnam ၏ နိုင်ငံတကာ ကုန်သွယ်မှုအတွေ့အကြုံနှင့် အားသာချက်များကိုအသုံးချကာ PVNDB သည် NSRP နှင့် နီးကပ်စွာပူးပေါင်း၍ လိုအပ်ချက်

များကိုသုံးသပ်ခြင်း၊ သင့်တော်သော ရေနံအရင်းအမြစ်များ ရွေးချယ်ခြင်း၊ စီးပွားရေးဆိုင်ရာရွေးချယ်မှုများကို အကဲဖြတ်ခြင်းနှင့် နိုင်ငံခြားမိတ်ဖက် များနှင့် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လာမည့်ကာလများတွင် PVNDB သည် NSRP နှင့် ပြည်တွင်းသန့်စင်စက်ရုံများအတွက် သင့်လျော်သောရေနံစိမ်းများကို ဆက်လက်တင်သွင်းသွားမည်ဖြစ်ပြီး အုပ်ချုပ်မှုစံနှုန်း များမြှင့်တင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ပံ့ရေးအရင်းအမြစ် မျိုးစုံပြုလုပ်ရေးတို့ကို အားဖြည့်ဆောင်ရွက်သွားမည်ဟု သိရသည်။

ယခုနှစ်အစောပိုင်းတွင် ကြေညာခဲ့သည့် ၂၀၂၆ ခုနှစ်ထုတ်လုပ်မှုအစီအစဉ်အရ NSRP သည် ရေနံစိမ်း တန်ချိန် ၁၂ ဒသမ ၅ သန်းနီးပါး တင်သွင်းရန်နှင့် ပြည်တွင်းဈေးကွက်သို့ ရေနံထွက်ကုန် တန်ချိန် ၉ သန်းခန့် ထောက်ပံ့ပေးရန် ရည်မှန်း ထားကြောင်း သိရသည်။ ၂၀၀၈ ခုနှစ်တွင် တည်ထောင်ခဲ့သည့် NSRP သည် Kuwait Petroleum Europe B.V. ၊ Idemitsu Kosan Co. Ltd. ၊ Petrovietnam နှင့် Mitsui Chemicals Inc. တို့ ပူးပေါင်းရင်းနှီးမြှုပ်နှံထားသည့် စီမံကိန်းဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာအမေရိကန်ဒေါ်လာ၉ဘီလီယံကျော်တန်ဖိုးရှိကြောင်းသိရသည်။ VietnamPlus

Source : https://www.doca.gov.mm/my/node/65622

## ကာဇက်စတန်သည် ၂၀၂၆ ခုနှစ်တွင် ကျောက်မီးသွေးထုတ်လုပ်မှုတန်ချိန် ၁၂၈ ဒသမ ၉ သန်းအထိ တိုးမြှင့်ရန်စီစဉ်ထားသည်

ကာဇက်စတန်သည် ၂၀၂၆ ခုနှစ်တွင် ကျောက်မီးသွေးလုပ်ငန်းသို့ ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ဆွဲဆောင်ရန်စီစဉ် နေကြောင်း နိုင်ငံ၏ စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

၂၀၂၅ ခုနှစ်တွင် ကဏ္ဍတွင်းရင်းနှီးမြှုပ်နှံမှုပမာဏ ၃၀၅ ဘီလီယံ tenge ($ ၆၄၈ ဒသမ ၈ million)သို့ ရောက်ရှိခဲ့ပြီး လာမည့်နှစ်တွင် ၅၅၃ billion tenge အထိတိုးလာရန် မျှော်မှန်းထားသည်။

၂၀၂၅ နှစ်ကုန်တွင် နိုင်ငံ၏ကျောက်မီးသွေးထုတ်လုပ်မှုသည် ၂၀၂၄ နှင့်နှိုင်းယှဉ်ပါက ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး တန်ချိန် ၁၁၅ သန်းအထိရှိလာခဲ့သည်။ ယင်းတို့အနက် တန်ချိန် ၈၅ သန်းကို ပြည်တွင်းစားသုံးမှုနှင့် စည်ပင်သာယာလိုအပ်ချက် အတွက် အသုံးပြုခဲ့ပြီး အခြားတန်ချိန်သန်း ၃၀ တင်ပို့ခဲ့သည်။ ၂၀၂၆ ခုနှစ်တွင် ထုတ်လုပ်မှုတန်ချိန် ၁၂၈ ဒသမ ၉ သန်းအထိ တိုးမြှင့်ရန် စီစဉ်ထားသည်။

ကာဇက်စတန်ကျောက်မီးသွေးကို အဓိကတင်သွင်းသူမှာ ရုရှား၊ ပိုလန်၊ ဥဇဘက်ကစ္စတန်၊ တူရကီ၊ အိန္ဒိယ၊ မလေးရှား နှင့် အခြားနိုင်ငံများဖြစ်သည်။ ကာဇက်စတန်သည် ကမ္ဘာပေါ်တွင် ကျောက်မီးသွေးအရန် အရန်နံပါတ် ၁၀ ဖြစ်သည်။ စုစုပေါင်း ပမာဏမှာတန်ချိန် ၃၃ ဒသမ ၆ ဘီလီယံခန့်ရှိပြီးလက်ရှိထုတ်လုပ်မှုနှုန်းဖြင့်နှစ်ပေါင်း ၃၀၀ ကျော်ကြာအောင် လုံလောက်သည်။

Source: https://www.angi.ru, (အောင်ဖြိုးထွဋ်၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source :https://myantrade.gov.mm/article/STP(Ygn)_22052026_14:58

## အီးယူသို့ နဂါးမောက်သီးတင်ပို့မှု ဆက်လက်ထိန်းသိမ်းနိုင်ရန် ဗီယက်နမ် ကြိုးပမ်းအားထုတ်မှုများ မြှင့်တင်

ဥရောပသမဂ္ဂ(EU)က ပိုမိုတင်းကျပ်လာသည့် အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် ပိုးသတ်ဆေးကြွင်းကျန်မှု ဆိုင်ရာစည်းမျဉ်းများချမှတ်လာသည့်ကြားမှ ဗီယက်နမ်နိုင်ငံသည် ၎င်း၏ နဂါးမောက်သီးတင်ပို့မှုများကို ဆက်လက်ထိန်းသိမ်း နိုင် ရန် အစီအမံများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဒုတိယဝန်ကြီး Dang Ngoc Diep က ဝန်ကြီးဌာနအနေဖြင့် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် အထူးကုအေဂျင်စီများကို စည်းမျဉ်းသစ်များ၏ သက်ရောက်မှုကို အကဲဖြတ်ရန်နှင့် အီးယူအာဏာပိုင်များနှင့် ဆွေးနွေးနိုင်ရေးအတွက် ပြဿနာရပ်များကို ပြန်လည်သုံးသပ်ရန် ညွှန်ကြားထားကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် လုပ်ငန်းရှင်များနှင့် ထုတ်လုပ်သူများအနေဖြင့် စည်းမျဉ်းသစ်များကို သိရှိနားလည်စေရန်နှင့် ထုတ်လုပ်မှုမှ တင်ပို့မှု ကွင်းဆက် တစ်ခုလုံးတွင် လိုက်နာဆောင်ရွက်နိုင်စေရန် နည်းပညာပိုင်းဆိုင်ရာ သင်တန်းများကိုလည်း စီစဉ်ပေးထားကြောင်း သိရသည်။

ဗီယက်နမ်အာဏာပိုင်များ၏ ပြောကြားချက်အရ စစ်ဆေးမှုများတိုးမြှင့်ခြင်း၊ နောက်ကြောင်းပြန်ခြေရာခံမှုစနစ်များ ကျင့်သုံးခြင်းနှင့် ပြုပြင်တည့်မတ်သည့် လုပ်ဆောင်ချက်များကြောင့် အီးယူမှထုတ်ပြန်သည့် အစားအသောက်ဘေးကင်း

လုံခြုံရေးဆိုင်ရာ သတိပေးချက်များသည် ၂၀၂၄ ခုနှစ်တွင် အမှုပေါင်း ၆၄ ခု ရှိခဲ့ရာမှ ပြီးခဲ့သည့်နှစ်တွင် ၁၇ ခုအထိ သိသိသာသာ လျော့နည်းသွားခဲ့ကြောင်း သိရသည်။

မှတ်သားဖွယ်ရာအချက်အနေဖြင့် ပြီးခဲ့သည့် ဖွန်လအတွင်း အီးယူ၏ ကျန်းမာရေးနှင့် အစားအသောက်ဘေးကင်း လုံခြုံရေး ညွှန်ကြားမှုဦးစီးဌာနမှ လာရောက်စစ်ဆေးရာတွင် ဗီယက်နမ်၏ ဂရုတ်သီး၊ နဂါးမောက်သီးနှင့် ဒူးရင်းသီးတင်ပို့မှုများ အပေါ် အပြုသဘောဆောင်သည့် အကဲဖြတ်မှုများရရှိခဲ့ပြီး၊ ၎င်းသည်နောင်တွင် စစ်ဆေးမှုအကြိမ်ရေ လျှော့ချနိုင်ရေးအတွက် ညှိနှိုင်းရာတွင် အခြေခံကောင်းတစ်ခု ဖြစ်လာစေကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် သစ်ပင်ပန်းမန်ကာကွယ်ရေးဌာန ညွှန်ကြားရေးမှူး Huynh Tan Dat က ဗီယက်နမ်သည် အီးယူစံချိန် စံညွှန်းများနှင့် ကိုက်ညီစေရန်အတွက် ဓာတုပစ္စည်းများအပေါ် မှီခိုမှုကိုလျှော့ချကာ ဇီဝနည်းပညာသုံး အပင်ကာကွယ်ရေး နည်းလမ်းများကို တိုးမြှင့်အသုံးပြုပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးပုံစံများကိုမြှင့်တင်နေကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ထုတ်လုပ်မှုပွင့်လင်းမြင်သာမှုရှိစေရန်နှင့် နိုင်ငံတကာလိုအပ်ချက်များနှင့် ကိုက်ညီစေရန် စစ်ဆေးမှုများနှင့် စည်းကမ်း ဖောက်ဖျက်မှုများကို တင်းကျပ်စွာ အရေးယူခြင်းများကိုလည်း အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အီးယူ၏ တင်းကျပ်သောလိုအပ်ချက်များသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သကဲ့သို့ ဗီယက်နမ် စိုက်ပျိုးရေးကဏ္ဍအတွက် ထုတ်ကုန်အရည်အသွေး၊ ပွင့်လင်းမြင်သာမှုနှင့် ရေရှည်တည်တံ့မှုကိုမြှင့်တင်ရန် အခွင့်အလမ်းတစ်ခုလည်းဖြစ်ကြောင်း၊ ထိုမှ တစ်ဆင့် နိုင်ငံတကာဈေးကွက်တွင် ဗီယက်နမ်လယ်ယာထွက်ကုန်များ၏ အနေအထားကို ခိုင်မာစေမည်ဖြစ်ကြောင်း ဒုဝန်ကြီး Diep က ပြောကြားခဲ့ကြောင်း သိရသည်။

Source : https://www.doca.gov.mm/my/node/65595

## ပါကစ္စတန်နိုင်ငံတွင် သရက်ရာသီနောက်ကျမှုကြောင့် ပြည်ပတင်ပို့ရေးအလားအလာ ထိခိုက်

ပါကစ္စတန်နိုင်ငံတွင် သာမန်နှစ်များထက် နောက်ကျ၍ သရက်ရာသီ စတင်ဝင်ရောက်လာပြီး ထွက်ရှိမှုမှာ ၂၀ ရာခိုင်နှုန်းခန့် ကျဆင်းလိမ့်မည်ဟု ခန့်မှန်းရသည်။ ဒေသတွင်း တင်းမာမှုများ၊ နယ်စပ်ပိတ်သိမ်းမှုများနှင့် ကုန်စည်ပို့ဆောင်ခ မြင့်တက်လာမှုတို့က ယခုနှစ် နိုင်ငံခြားသို့ တင်ပို့မှုကို ဆိုးရွားစွာထိခိုက်နိုင်သည်ဟု တင်ပို့သူ များက စိုးရိမ်နေကြသည်။

လုပ်ငန်းရှင်များ၏အဆိုအရ ပုံမှန်မဟုတ်သော ရာသီဥတုအခြေအနေများကြောင့် သရက်သီး သီးချိန်၏ အစောပိုင်း အဆင့်တွင် သရက်ပန်းပွင့်များ ပျက်စီးခဲ့ရပြီး ယခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် သရက်သီး ထွက်ရှိမှုပမာဏမှာ တန်ချိန် ၁ ဒသမ ၅ သန်းဝန်းကျင်သို့ ကျဆင်းသွားကာ ယခင်နှစ်က တန်ချိန် ၁ ဒသမ ၈ သန်းနီးပါးရှိကြောင်း၊ စိုက်ဧရိယာမှာ ဧက ၁၆၀,၀၀၀ ခန့်ဖြင့် မပြောင်းလဲဘဲ ရှိနေကြောင်း သိရသည်။

မတ်လနှင့် ဧပြီလများအတွင်း ပုံမှန်ထက် အေးမြစိုစွတ်သောရာသီဥတုကြောင့်လည်း သရက်ရာသီနောက်ကျခဲ့ ကြောင်း၊ ပုံမှန်အားဖြင့် ဧပြီလနှောင်းပိုင်းတွင် စတင်လေ့ရှိသော ပြည်တွင်းဈေးကွက်အတွက် သရက်သီးခူးဆွတ်နိုင်ခြင်းမှာ ယခုနှစ်တွင်မေလ ပထမပတ်အထိ စတင်နိုင်ခြင်းမရှိကြောင်း သရက်သီးတင်ပို့မှု အစီအစဉ်များမှာ မေလ ၂၀ ရက်ဝန်းကျင် အစား ဇွန်လ ၁ ရက် နေ့မှ စတင်ရန် မျှော်လင့်ရကြောင်း သိရသည်။

သရက်သီးအစောပိုင်းထွက်ရှိသည့် ပါကစ္စတန်နိုင်ငံ၊ Mirpurkhasမြို့၊ Tando Allahyar မြို့နှင့် Hyderabad မြို့တို့ အပါအဝင် Sindh ခရိုင်များတွင် ပျမ်းမျှသရက်အထွက်နှုန်းရှိကြောင်း၊ သို့သော်လည်း Rahim Yar Khanမြို့၊ Multanမြို့၊ Muzaffargarh မြို့နှင့် Shujaabad မြို့ ကဲ့သို့သော Punjab ပြည်နယ်ရှိ ရာသီနောက်ကျမှု သရက်သီးထွက်ရှိသောဒေသများတွင် သရက်ထွက်ရှိမှု သိသိသာသာ နည်းပါးနေကြောင်း သိရသည်။

သရက်သီးတင်ပို့သူများက ယခုရာသီသည် ပုံမှန်ထက်ကြာရှည်နိုင်ပြီး နွေရာသီနှောင်းပိုင်း ရာသီဥတုအခြေအနေပေါ် မူတည်၍ စက်တင်ဘာလလယ်အထိ ကြာရှည်နိုင်သည်ဟုယုံကြည်ကြကြောင်း၊ သို့သော် သရက်သီးထွက်ရှိမှုပမာဏ လျော့နည်းသော်လည်း ပါကစ္စတန် ရိုးရာဈေးကွက်များတွင် ဝယ်လိုအားနည်းလာသောကြောင့် နိုင်ငံတကာဈေးနှုန်းများ သိသိ သာသာမြင့်တက်လာမည်ဟု တင်ပို့သူများက မျှော်လင့်မထားကြောင်း National Fruit Pakistan ၏ စီမံခန့်ခွဲရေး ဒါရိုက်တာ Shoaib Ahmad Basra က ပြောကြားသည်။

အာဖဂန်နစ္စတန်သို့ ကုန်သွယ်ရေးလမ်းကြောင်းများမှာကြာရှည်စွာ နယ်စပ်ပိတ်သိမ်းမှုများအပြီးတွင်လည်း ပြတ်တောက်နေဆဲဖြစ်ပြီး ပင်လယ်ကွေ့ဒေသရှိတင်းမာမှုများနှင့် ဟော်မုဇ်ရေလက်ကြားအနှောင့်အယှက်များက ကုန်စည်ပို့ဆောင်ခမြင့်တက်စေပြီး သင်္ဘောရရှိနိုင်မှုကို လျှော့ချလျက်ရှိကြောင်း သိရသည်။

ဥရောပနှင့် ယူကေသို့ သရက်သီးတင်ပို့ရန်အတွက် ပါကစ္စတန်အနေဖြင့် အရှေ့အလယ်ပိုင်း လေကြောင်းလိုင်းများကို အားထားနေရခြင်းကြောင့် လေကြောင်းကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများမှာလည်း မရေရာကြောင်း၊ လေယာဉ်အသွားအလာ လျော့နည်းမှုနှင့်ကုန်စည်နေရာအကန့်အသတ်များက တင်ပို့သူများအတွက် သရက်တင်ပို့ရေးအစီအစဉ်ကို ရှုပ်ထွေးစေကြောင်း သိရသည်။

Source: DAWN, 12 May 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source :https://www.doca.gov.mm/my/node/65582

## အိန္ဒိယနိုင်ငံ၌ ရောင်းလိုအား နည်းပါးမှုအရ သဘာဝရော်ဘာဈေးနှုန်းများ မြင့်တက်

အိန္ဒိယနိုင်ငံ၌ သဘာဝရော်ဘာဈေးကွက်သည် ရောင်းလိုအားနည်းပါးသည့် အခြေအနေတွင် တစ်ကီလိုဂရမ်လျှင် ၂၅၃ ရူပီးနှုန်းဖြင့် စံချိန်အသစ်သို့ရောက်ရှိလျက် အရောင်းအဝယ်ပြန်လည်သွက်လက်လာပြီး Kottayam ဒေသအတွင်း အချို့နေရာများတွင် တစ်ကီလိုဂရမ်လျှင် ရူပီး ၂၆၀ နှုန်းခန့် အထိ ရောက်ရှိလာကြောင်း The Hindu Business Line သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယရော်ဘာကုန်သည်များအသင်းချုပ်၏ ဥက္ကဋ္ဌ George Valy က အနောက်အာရှဒေသ၌ စစ်ပွဲဖြစ်ပွားနေမှုနှင့်အတူ ရော်ဘာခြံလုပ်ငန်းဆောင်ရွက်သည့် နယ်မြေဒေသများတွင် မိုးရွာသွန်းမှုနည်းပါးလျက် အပူချိန်မြင့်တက်မှုကြောင့် ထုတ်လုပ်မှုကျဆင်းခြင်းက ရော်ဘာဈေးနှုန်းများကို သိသာစွာမြင့်တက်လာစေကြောင်း၊ သို့သော် လွန်ခဲ့သောရက်အနည်းငယ်အတွင်း ရော်ဘာစိုက်ပျိုးရာဒေသများတွင် နွေရာသီကာလ ရတ်တရက် မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်ခြင်းက ထုတ်လုပ်မှုကို တိုးတက်လာစေမည်ဟုမျှော်လင့်ရပြီး အနောက်အာရှဒေသနိုင်ငံရေးတင်းမာမှုများသည်လည်း ရှေ့လာမည့်ရက်များ၌ သက်သာဖွယ်ရှိသည့် အရိပ်လက္ခဏာများအရ ဈေးနှုန်းမြင့်တက်မှုမှာလျော့ပါးလာနိုင်ကြောင်း၊ ရော်ဘာဈေးနှုန်းများ အမြင့်တန်းသို့ရောက်ရှိနေမှုသည် ယခင်ကာလများ၌ အစေးခြစ်ခြင်းပြုလုပ်မှုမရှိသော နယ်မြေရိယာများတွင် အစေးခြစ်လုပ်ကိုင်လာရန် တွန်းအားပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ ဈေးကွက်အတွင်းသို့ ရော်ဘာကုန်ကြမ်းများ ဝင်ရောက်မှုမှာ တိုးပွားလာနိုင်ကြောင်း ပြောဆိုခဲ့သည်။

အိန္ဒိယပြည်တွင်းဈေးကွက်၌ ရော်ဘာဈေးနှုန်းများ မြင့်တက်မှုသည် တစ်ကီလိုဂရမ်လျှင် ၂၈၈ ရူပီးနှုန်းခန့်အထိ မြင့်တက်လာသော ကမ္ဘာ့ရော်ဘာဈေးနှုန်းမြင့်တက်မှုလမ်းကြောင်းနှင့် ရှေ့နောက်ညီညွတ်လျက်ရှိသည်ဟု ကုန်သည်များက ပြောဆိုကြသည်။

ထောက်ပံ့ပေးသွင်းမှု ပြတ်လပ်ခြင်းနှင့် စက်မှုလုပ်ငန်းသုံးဝယ်လိုအား ခိုင်မာတည်တံ့ခြင်းတို့ကြောင့် ရော်ဘာဈေးနှုန်းများသည် ကျိုးကြောင်းညီညွတ်စွာမြင့်တက်လျက်ရှိသည်။ ရော်ဘာအဓိကစိုက်ပျိုးထုတ်လုပ်ရာဒေသများ၌ အစေးခြစ်လုပ်ငန်းများရပ်ဆိုင်းနေခြင်းသည် ရောင်းလိုအားကိုလျော့ကျစေလျက်ရှိသည်။ စက်မောင်းဆီဈေးနှုန်းများ ကြီးမြင့်မှုနှင့် အရှေ့တောင်အာရှဒေသတွင် ရော်ဘာထုတ်လုပ်မှုပြတ်လပ်ခြင်းသည် နိုင်ငံတကာရော်ဘာဈေးနှုန်းများကို မြင့်တက်စေသည့်အပြင် အိန္ဒိယပြည်တွင်းဈေးနှုန်းများအပေါ်ကိုလည်း သက်ရောက်လျက်ရှိသည်။

ဈေးနှုန်းများ ထပ်မံမြင့်တက်လာနိုင်မည့် အခြေအနေကိုမျှော်မှန်းလျက် ရော်ဘာစိုက်တောင်သူများသည် ၎င်းတို့လက်ဝယ်၌ ကုန်များကိုသိုလှောင်ထိန်းသိမ်းထားကြသည်ဟု သတင်းပေးပို့မှုများရှိကြောင်း၊ သို့သော် ကုန်ကြမ်းများ၏ အရည်အသွေးကို ထိခိုက်နိုင်ခြေရှိမှုအရ ၎င်းတို့အနေဖြင့် အချိန်ကြာမြင့်စွာ သိုလှောင်နိုင်လိမ့်မည်မဟုတ်ကြောင်း၊ ဖေဖော်ဝါရီ-မတ်-ဧပြီကာလများအတွင်း အပူချိန်မြင့်မားမှုကြောင့် ရော်ဘာအစေးခြစ်လုပ်ငန်းကို ကြီးမားစွာထိခိုက်မှုရှိပြီး ထုတ်လုပ်မှုဆိုင်းငံ့ထားရခြင်း တစ်ကြိမ်ဖြစ်ပေါ်ခဲ့ကြောင်း George Valy က ပြောဆိုခဲ့သည်။

ရော်ဘာအဓိကစိုက်ပျိုးထုတ်လုပ်ရာ Kerala ပြည်နယ်၌ United Democratic Front ပါတီက ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီးနောက် သဘာဝရော်ဘာဈေးနှုန်းကို တစ်ကီလိုဂရမ်လျှင် ရူပီး ၂၅၀ နှုန်းသတ်မှတ်ပေးမည်ဟူသော ရွေးကောက်ပွဲဝင်ကြေညာစာတမ်းကို အကောင်အထည်ဖော်လျက် ကြမ်းခင်းဈေးနှုန်းထုတ်ပြန်ပေးရန် ရော်ဘာစိုက်တောင်သူများ အသိုင်း

အဝန်းက မျှော်လင့်လျက်ရှိသည်။ ၎င်းတို့အနေဖြင့် လက်ရှိကာလ၌ မိုးရွာသွန်းမှုနှင့် မေလလယ်ပိုင်းတွင် အနောက်တောင်မုတ်သုံလေ ဝင်ရောက်လာမည့်အခြေအနေများအရ ယခုထုတ်လုပ်ရေးရာသီ ကာလအတွင်း ရော်ဘာအထွက် ပိုမိုရရှိရန် မျှော်မှန်းလျက်ရှိကြကြောင်း The Hindu Business Line သတင်းဌာနက ဖော်ပြထားသည်။

Source: The Hindu Business Line, May 8, 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source :https://www.doca.gov.mm/my/node/65579

## ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၆ ခုနှစ် ပထမသုံးလပတ်အတွင်း သီဟိုဠ်စေ့တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၃၅၈ သန်း ကျော်ရရှိ

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသည် သီဟိုဠ်စေ့တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၃၅၈ သန်းကျော် ဝင်ငွေရရှိခဲ့ပြီး ၂၀၂၅ ခုနှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၂ ရာခိုင်နှုန်းကျော် တိုးမြင့်လာကြောင်း၊ ၂၀၂၆ ခုနှစ် ပထမသုံးလအတွင်း သီဟိုဠ်စေ့ တင်ပို့မှုသည် ယခင်နှစ် ကာလတူ၌ အမေရိကန်ဒေါ်လာ ၂၉၂ သန်းနီးပါးရှိရာမှ အမေရိကန်ဒေါ်လာ ၆၆ သန်းနီးပါး (၂၂ ဒသမ ၅၄ ရာခိုင်နှုန်း) တိုးလာကြောင်း ကမ္ဘောဒီးယား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။

ကမ္ဘောဒီးယားသည် နိုင်ငံပေါင်း ၁၀ နိုင်ငံသို့ သီဟိုဠ်စေ့တင်ပို့ခဲ့ပြီး ဗီယက်နမ်ဈေးကွက်အပေါ် ဆက်လက် မှီခိုနေရခြင်းမှာ အထင်ရှားဆုံးဖြစ်ကြောင်း၊ ဗီယက်နမ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ သီဟိုဠ်စေ့အဓိကတင်ပို့သည့်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေပြီး အမေရိကန်ဒေါ်လာ ၃၅၆ ဒသမ ၈ သန်းခန့်တန်ဖိုးရှိ သီဟိုဠ်စေ့များကို တင်သွင်းကာ ကမ္ဘောဒီးယားနိုင်ငံစုစုပေါင်း သီဟိုဠ်စေ့တင်ပို့မှုတန်ဖိုး၏ ၉၉ ဒသမ ၆၇ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၂၅ ခုနှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ကမ္ဘောဒီးယားမှ ဗီယက်နမ်သို့ သီဟိုဠ်စေ့ တင်ပို့မှုသည် ၂၂ ရာခိုင်နှုန်းကျော် တိုးမြင့်လာခဲ့ပြီး ဗီယက်နမ်သို့တင်ပို့မှုမှ ဒေါ်လာ ၃၀၀ သန်းနီးပါး ရရှိခဲ့ကြောင်း၊ ဗီယက်နမ်ပြီးလျှင် ထိုင်ဝမ်သည် ဒုတိယအကြီးဆုံးဈေးကွက်ဖြစ်ပြီး သီဟိုဠ်စေ့တင်ပို့မှုမှ ဒေါ်လာ ၄၁၀,၀၀၀ ကျော် ဝင်ငွေရရှိခဲ့ပြီး ယခင်နှစ်က ဒေါ်လာ ၁၃၀,၀၀၀ ခန့်ရှိရာမှ ၂၀၀ ရာခိုင်နှုန်းကျော် သိသိသာသာ တိုးတက်လာခဲ့ကြောင်း၊ အခြားတင်ပို့သည့်နိုင်ငံများမှာ တူရကီ၊ ယူအေအီး၊ နယ်သာလန်၊ ဂျပန်၊ ပြင်သစ်နှင့် နယူးဇီလန်တို့ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် တောင်ကိုရီးယားနှင့် ဘယ်လ်ဂျီယမ်တို့သို့ တင်ပို့မှုမှာ ၂၀၂၆ ခုနှစ် ပထမသုံးလတာကာလအတွင်း ကျဆင်းခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယား သီဟိုဠ်စေ့အသင်း (CAC)၏ ဒုတိယဥက္ကဋ္ဌ Suy Kokthean က ကမ္ဘောဒီးယား၏ သီဟိုဠ်စေ့ ကဏ္ဍသည်လက်ရှိတွင် အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာစိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရကြောင်း၊ ယခုနှစ်တွင် ပုံမှန်မဟုတ်သည့်အေးသောရာသီဥတုနှင့် မိုးရွာသွန်းမှုတိုးလာခြင်းသည် သီဟိုဠ်ပန်းပွင့်ချိန်ကို ဆိုးကျိုးသက်ရောက်စေကြောင်း၊ ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘောဒီးယား၏ သီဟိုဠ်စေ့ကဏ္ဍအတွက် အဓိကပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ ကြာမြင့်စွာအေးသောရာသီနှင့်အတူ ပန်းပွင့်ချိန်အတွင်း မိုးရွာသွန်းမှုသည် အထွက်နှုန်းကိုသိသိသာသာဆုံးရှုံးစေကြောင်း၊ ပူပြင်းသော ရာသီရောက်လာချိန်တွင် အပူလွန်ကဲမှုက ပန်းများကို ထပ်မံပျက်စီးစေပြီး ခြောက်သွေ့သွားစေကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ Kokthean က ရိတ်သိမ်းပြီးနောက် စီမံခန့်ခွဲမှုမှာလည်း အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ်ရှိနေသေး ကြောင်း၊ ကမ္ဘောဒီးယားတောင်သူများသည် သိုလှောင်ရောင်းချရန်အတွက် သီဟိုဠ်စေ့များကို အခြောက်ခံသည့်အလေ့အထကို မကျင့်သုံးသေးဘဲ လတ်ဆတ်သောသီဟိုဠ်စေ့များအဖြစ်သာ ရောင်းချနေကြကြောင်း၊ တောင်သူများအနေဖြင့် အခြောက်ခံသည့်အလေ့အထကိုကျင့်သုံးမည်ဆိုပါက ၎င်းတို့၏ သီဟိုဠ်စေ့ထုတ်ကုန်များကို ပိုမိုကြာရှည်စွာသိုလှောင်နိုင်ပြီး ပိုမိုကောင်းမွန်သည့်ဈေးနှုန်းများဖြင့် ညှိနှိုင်းရောင်းချနိုင်မည်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

CAC သည် အထွက်နှုန်း အတက်အကျမခဲ့ခြားဘဲ ကုန်ကျစရိတ်လျှော့ချရန်နှင့် အမြတ်အစွန်းများမြင့်တင်ရန်အတွက် အော်ဂဲနစ်မြေသြဇာများ ထုတ်လုပ်သုံးစွဲရန် တောင်သူများကိုအားပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် CAC သည် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ သို့မဟုတ် ၂၀၂၇ ခုနှစ်အစောပိုင်းတွင် ပထမဆုံးအကြိမ် ကမ္ဘောဒီးယားအပြည်ပြည်ဆိုင်ရာ သီဟိုဠ်စေ့ဖိုရမ်(CIF)ကို ကျင်းပရန်ပြင်ဆင်နေပြီး ဝယ်ယူမှုလုပ်ငန်းများ မြှင့်တင်ရန်နှင့် တောင်သူများအတွက် ဈေးနှုန်းတည်ငြိမ်စေရန် ရည်ရွယ်ကြောင်း သိရသည်။

အဆိုပါပွဲသည် အထူးသဖြင့်ဗီယက်နမ်၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ နိုင်ငံတကာဝယ်လက်များကို ဆွဲဆောင်နိုင်ရန်နှင့် ကမ္ဘောဒီးယားတွင် ဝယ်ယူရေးဌာနများထူထောင်နိုင်ရန် တိုက်တွန်းနိုင်မည်ဟုမျှော်လင့်ရကြောင်း၊ Kokthean က အစိုးရအနေဖြင့် သီဟိုဠ်စေ့ပြုပြင်ထုတ်လုပ်မှုကိုမြှင့်တင်ရန် ကြိုးပမ်းမှုများပြုလုပ်ထားပြီးဖြစ်သော်လည်း CAC သည် တောင်သူများအတွက် ဈေးနှုန်းတည်ငြိမ်မှုကို ပိုမိုအာရုံစိုက်နေကြောင်း၊ CAC အသင်းသည် တောင်သူများအားပံ့ပိုးကူညီရန် တည်ထောင်ခဲ့ခြင်းဖြစ်သည့်အတွက် ဦးစားပေးအနေဖြင့် တောင်သူများအတွက် ဈေးနှုန်းတည်ငြိမ်ပြီး မျှတသည့်ဈေးနှုန်းများ ထိန်းသိမ်းပေးရန်ဖြစ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

Kokthean က ပြည်တွင်းထောက်ပံ့ရေးကွင်းဆက် အားကောင်းခိုင်မာစေရေးသည်လည်း အရေးကြီးပြီး ပြည်တွင်းပြုပြင်ထုတ်လုပ်သူအများအပြားသည် လုပ်ငန်းလည်ပတ်ငွေ ပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း၊ သီဟိုဠ်စေ့ကုန်ကြမ်းများကို ပြည်တွင်းမှဝယ်ယူအသုံးပြုခြင်းကို အားပေးခြင်းသည် ယခုလက်ရှိဖြစ်ပေါ်နေသော ပြဿနာများကို ဖြေရှင်းရန် အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

Source: Khmer Times, 23 April 2026 (လယ်ယာထွက်ကုန်များနှင့် အမိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source : https://www.doca.gov.mm/my/node/65264

## ဈေးနှုန်းမတည်ငြိမ်မှုများရှိနေသော်လည်း ပထမသုံးလပတ်တွင် ဗီယက်နမ်၏ ဒူးရင်းသီးပို့ကုန်များ အရှိန်အဟုန်ဖြင့်မြင့်တက်လာ

စိုက်ပျိုးရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှထုတ်ပြန်သော ထုတ်ပြန်ချက်များအရ ဈေးနှုန်းပိုမိုမြင့်မားသော ဒူးရင်းသီးအေးခဲအနှစ် တင်ပို့မှုလျင်မြန်စွာ တိုးတက်လာခြင်းသည် ဗီယက်နမ်ဒူးရင်းသီးပို့ကုန်ကဏ္ဍ အားကောင်းစွာ ပြန်လည်ဦးမော့လာစေသည့် အဓိကတွန်းအားဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဒူးရင်းသီးပို့ကုန်စုစုပေါင်းပမာဏမှာ တန်ချိန် ၈၀,၀၀၀ ကျော်ရှိပြီး၊ ၎င်းအနက် လတ်ဆတ်ဒူးရင်းသီး တန်ချိန် ၆၈,၅၀၀ ခန့်နှင့် ဒူးရင်းသီးအေးခဲအနှစ် တန်ချိန် ၁၁,၆၀၀ နီးပါးပါဝင်နေကြောင်း သိရသည်။ ဒူးရင်းသီးအေးခဲအနှစ်သည် ပို့ကုန်တန်ဖိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်ခဲ့သည်။ ယခုနှစ် အလားတူကာလအတွင်း ဒူးရင်းသီးအေးခဲအနှစ်၏ ပျမ်းမျှပို့ကုန်ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄,၃၀၂ ခန့်ရှိခဲ့ရာ၊ ယခင်နှစ်ကထက် ၂၀ ရာခိုင်နှုန်းကျော် မြင့်တက်လာပြီး လတ်ဆတ်ဒူးရင်းသီးထက် ၁၈ ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းခန့် ပိုမိုမြင့်မားခဲ့ကြောင်း သိရသည်။

ဈေးကွက်သစ်များသို့ တင်ပို့မှုမှာလည်း သိသိသာသာကျယ်ပြန့်လာခဲ့ပြီး၊ ၂၀၂၅ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်သို့တင်ပို့မှု ၁၀၇ ရာခိုင်နှုန်းကျော်၊ တောင်ကိုရီးယားသို့ ၂၆၂ ရာခိုင်နှုန်းနီးပါး၊ ဩစတြေးလျသို့ ၄၀ ရာခိုင်နှုန်းကျော်နှင့် ဂျပန်သို့ ၁၂ ရာခိုင်နှုန်းနီးပါး အသီးသီး မြင့်တက်လာခဲ့ကြောင်း သိရသည်။

ပို့ကုန်လုပ်ငန်းတွင် အားကောင်းသော စွမ်းဆောင်ရည်ရှိသော်လည်း ပြည်တွင်းရှိ ဒူးရင်းသီးဈေးနှုန်းများမှာ ဆက်လက်မတည်ငြိမ်ဘဲရှိနေကာ အကြီးဆုံးပို့ကုန်ဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံသည်လည်း ဝယ်ယူမှု မူဝါဒများမရေရာမှုကြောင့် စွန့်စားရနိုင်ခြေရှိသော ဈေးကွက်အဖြစ် သတ်မှတ်ခံထားရဆဲဖြစ်ကြောင်း သိရသည်။

ဗီယက်နမ် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်အသင်း၏ အထွေထွေအတွင်းရေးမှူး Dang Phuc Nguyen က ယခုကဲ့သို့ ဈေးနှုန်းပြန်လည်တက်လာရခြင်းမှာ တရုတ်နိုင်ငံမှ ဝယ်လိုအား ပိုမိုတည်ငြိမ်လာခြင်းနှင့် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် ဒူးရင်းသီးထွက်ရှိမှု အနည်းငယ် လျော့နည်းသွားခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ကက်ဒမီယမ် (Cadmium) ဓာတ်ကြွင်းများ ပါဝင်နေမှုနှင့် Auramine O ဆိုးဆေး အလွန်အကျွံ သုံးစွဲမှုစသည့် ပြဿနာများသည် တရုတ်နိုင်ငံသို့ တင်ပို့မှုအပေါ် ဆက်လက်သက်ရောက်မှုရှိနေပြီး ဈေးနှုန်းမတည်ငြိမ်မှုကိုဖြစ်စေကြောင်း ၎င်းက သတိပေးခဲ့သည်။ ထောက်ပံ့မှုပမာဏ တိုးလာခြင်းနှင့် ထိုင်းနိုင်ငံ၏ ရိတ်သိမ်းရာသီနှင့် တိုက်ဆိုင်နေခြင်းတို့ကလည်း ဈေးနှုန်းအပေါ် ဖိအားဖြစ်စေခဲ့ကြောင်း သိရသည်။

စက်မှုလုပ်ငန်းတွင်း သတင်းရင်းမြစ်များအရ ဗီယက်နမ်၏ လတ်ဆတ်ဒူးရင်းသီးတင်ပို့မှုစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံက ဆက်လက်ချုပ်ကိုင်ထားဆဲဖြစ်ကြောင်း သိရသည်။ သို့သော်လည်း သွင်းကုန် မူဝါဒများ မကြာခဏ ပြောင်းလဲခြင်းကြောင့် ဈေးနှုန်းနှင့် ဝယ်လိုအားတို့တွင် မရေရာမှုများ ဆက်လက်ဖြစ်ပေါ်နေစေကြောင်း သိရသည်။

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ ရိတ်သိမ်းမှုအပြီးတွင် အရှေ့တောင်ပိုင်းဒေသနှင့် ဗဟိုကုန်းမြင့်ဒေသတို့၌ မေလမှ ဇူလိုင်လနှင့် ဩဂုတ်လမှ နိုဝင်ဘာလများတွင် ဒူးရင်းသီးများ အသီးသီးလှိုင်လှိုင်ထွက်ရှိမည်ဖြစ်ပြီး အဓိကအားဖြင့် ထိုင်း ဒူးရင်းသီးမျိုးစိတ်များ အမြောက်အမြားထွက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။ ယင်းအခြေအနေကြောင့် ဈေးနှုန်းထိုးကျ မည်ကို ဆက်လက်စိုးရိမ်မှုများမြင့်တက်လျက်ရှိပြီး စိုက်ပျိုးရေးစံနှုန်းများကိုတင်းကျပ်ရန်၊ စိုက်ပျိုးဧရိယာများကို စနစ်တကျ စီမံရန်နှင့် စစ်ဆေးမှုနှင့်လိုက်နာဆောင်ရွက်မှု စွမ်းရည်များကိုမြှင့်တင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

Source :https://www.doca.gov.mm/my/node/65624

## တရုတ်နိုင်ငံမှ ဈေးနှုန်းချိုသာသော Steel Imports များ အများအပြားဝင်ရောက်လာမှုကြောင့် ပြင်းထန်သော စီးပွားရေးဖိအားများနှင့် ရင်ဆိုင်နေရ

ထိုင်းသံမဏိလုပ်ငန်းရှင်များသည် တရုတ်နိုင်ငံမှ ဈေးနှုန်းချိုသာသော Steel Imports များ အများအပြား ဝင်ရောက်လာမှုကြောင့် ပြင်းထန်သော စီးပွားရေးဖိအားများနှင့် ရင်ဆိုင်နေရကြောင်း Bangkok Post တွင် ဖော်ပြ ထားသည်။ Chinese steel producers များသည် Domestic Oversupply နှင့် Weak Demand ပြဿနာများကြောင့် ပြည်ပ ဈေးကွက်များသို့ ဈေးနှုန်းလျှော့ကာ Export တိုးမြှင့်နေပြီး Thailand အပါအဝင် ASEAN Markets များတွင် Local Producers များ၏ Market Share ကို ထိခိုက်စေခဲ့သည်။

ထိုင်းနိုင်ငံစတီးထုတ်လုပ်ရေးလုပ်ငန်းရှင်များက Anti-Dumping Measures နှင့် Import Controls များ ပိုမိုတင်းကြပ် စေရန် အစိုးရထံတောင်းဆိုနေကြသည်။ လက်ရှိအခြေအနေ ဆက်လက်ဖြစ်ပေါ်နေပါက ပြည်တွင်းစက်ရုံများ၏ ထုတ်လုပ် နိုင်မှုစွမ်းရည်လျော့နည်းလာနိုင်ပြီး အလုပ်အကိုင် ဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးထားသည်။ ထို့ပြင် Chinese imports များ၏ ဈေးနှုန်းယှဉ်ပြိုင်မှုကြောင့် ထိုင်းကုန်ထုတ် လုပ်မှုလုပ်ငန်းတစ်ခုလုံးအပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း စီးပွားရေးကျွမ်းကျင်သူများက သုံးသပ်ထားကြ သည်။ ASEAN ဒေသတွင် China ၏ Industrial Export Expansion သည် လာမည့်နှစ်များအတွင်း ပိုမိုပြင်းထန်လာနိုင်ကြောင်းလည်း ခန့်မှန်းထားကြသည်။

Source : Bangkok Post, (ရည်မွန်လှိုင်၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source : https://myantrade.gov.mm/article/STP(Ygn)_12052026_13:11

## နယူးဇီလန်နိုင်ငံက စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် လောင်စာသိုလှောင်ရန် နည်းလမ်းရှာဖွေနေ

နယူးဇီလန်နိုင်ငံ၏ ပြည်တွင်းလောင်စာသိုလှောင်နိုင်မှုအပေါ် အီရန်စစ်ပွဲ၏သက်ရောက်မှုများကြောင့် ထိခိုက်မှု များရှိလာနိုင်သည့်အတွက် နယူးဇီလန်နိုင်ငံက မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် လောင်စာသိုလှောင်ရန် နည်းလမ်း ရှာဖွေလျက်ရှိသည်။

နယူးဇီလန်နိုင်ငံ၏သဘာဝရင်းမြစ်များဆိုင်ရာဝန်ကြီး Shane Jones က နိုင်ငံအတွင်း လောင်စာဆီကို အပိုဆောင်း သိမ်းဆည်းနိုင်ခြင်းမရှိကြောင်း၊ တာဝန်ရှိသူများက ကမ်းလွန်ရေနက်ပိုင်း၌ လောင်စာဆီ သိုလှောင်နိုင်မည့်အခြေအနေကို ရှာဖွေခဲ့ကြပြီး မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် လောင်စာသိုလှောင်ခြင်းကို နည်းလမ်းတစ်ခုအဖြစ် အကြံပြုခဲ့ကြသည်။

၂၀၂၂ ခုနှစ်၌ Auckland မြို့မြောက်ပိုင်း၊ Marsden Point ရှိ လောင်စာဆီချက်လုပ်သည့် စက်ရုံပိတ်သိမ်းပြီးနောက်တွင် နယူးဇီလန်နိုင်ငံအနေဖြင့် ၎င်း၏လောင်စာဆီသိုလှောင်နိုင်မှုပမာဏများစွာ ဆုံးရှုံးခဲ့သည်။ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံ တောင်ပိုင်းတို့သည် အာရှ၏ လောင်စာဆီချက်လုပ်ခြင်းနှင့် သိုလှောင်ခြင်းကို အဓိကဆောင်ရွက်သည့်နေရာများဖြစ်သည်။

အရှေ့အလယ်အပိုင်းဒေသ၏ ဓာတ်ဆီနှင့် သဘာဝဓာတ်ငွေ့များအပေါ် များစွာမှီခိုနေရသော အာရှဒေသအတွက် အီရန်စစ်ပွဲနှင့် ဟော်မုဇ်ရေလက်ကြားပိတ်ဆို့မှုများသည် ဖိအားများစွာဖြစ်ပေါ်ခဲ့သည်။ ယင်းအခြေအနေကြောင့် နိုင်ငံများ အနေဖြင့် ပြည်တွင်း၌ လောင်စာသိမ်းဆည်းနိုင်ရန်နှင့် လောင်စာလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရ သည့်အနေအထားဖြစ်လာခဲ့သည်။

ဝန်ကြီး Jones က ပြည်ပတွင် လောင်စာသိုလှောင်ခြင်းကို နည်းလမ်းတစ်ခုအဖြစ် ရွေးချယ်ခဲ့ကြပြီး အရေးကြီး ကုန်စည်များဖြစ်သည့် အစားအစာနှင့် စွမ်းအင်ဆိုင်ရာကုန်သွယ်မှုများအတွက် စင်ကာပူနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့က သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးပြီးနောက်တွင် အဆိုပါနည်းလမ်းကို ဆွေးနွေးညှိနှိုင်းခြင်းဖြစ်ကြောင်းပြော ကြားခဲ့သည်။

စင်ကာပူနိုင်ငံနှင့်မလေးရှားနိုင်ငံတို့တွင် ပြည်ပနိုင်ငံအနေဖြင့်လောင်စာ သိုလှောင်ခြင်းလာရောက် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် အိမ်ရှင်နိုင်ငံများ၏ လောင်စာစွမ်းအင်ဆိုင်ရာ လုံခြုံမှုကို နည်းလမ်းတစ်ခုအနေဖြင့် အထောက်အပံ့ပြုနိုင်မည်ဖြစ်သည်။ ထို့ပြင်ဒေသတွင်းယှဉ်ပြိုင်နိုင်စွမ်းတိုးတက်လာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိလာစေနိုင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာခြင်း စသည်တို့ကိုလည်း ရရှိခံစားနိုင်မည်ဖြစ်သည်။

ရင်းမြစ်။ The Business Times သတင်းစာ , (ဇေသေနို၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)

Source :https://myantrade.gov.mm/article/STP(Ygn)_08052026_12:55

## အာဖရိကနိုင်ငံ ၅၃ နိုင်ငံအတွက် တရုတ်နိုင်ငံ၏ အခွန်ကင်းလွတ်ခွင့်မူဝါဒသည် တရုတ်-အာဖရိက ပူးပေါင်း ဆောင်ရွက်မှုကို အရှိန်မြှင့်တင်ပေး

တရုတ်နှင့်သံတမန်ဆက်ဆံရေးရှိသော အာဖရိကနိုင်ငံ ၅၃ နိုင်ငံအတွက် တရုတ်နိုင်ငံ၏ အခွန်ကင်းလွတ်ခွင့် မူဝါဒသည် တရုတ်-အာဖရိကပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ပေးမည့် ဆောင်ရွက်ချက်တစ်ခုဖြစ်သည်။

၂၀၀၅ ခုနှစ်၊ မေလ ၁ ရက်မှစတင်ကာ တစ်စိတ်တစ်ပိုင်းအခွန်ကင်းလွတ်ခွင့်ဖြင့် ဖြေလျှော့မှုများ ဆောင်ရွက်ခဲ့ပြီးနောက် ယခုမူဝါဒသည် နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးတွင် သိသာထင်ရှားသော ဆောင်ရွက်ချက်တစ်ခုဖြစ်ပြီး အခွန်ကောက်ခံသည့် ကုန်ပစ္စည်းအမျိုးအစား ၁၀၀ ရာခိုင်နှုန်းအားလုံး အကျုံးဝင်သည့် မူဝါဒဖြစ်သည်။ တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွံ့ဖြိုးမှုအနိမ့်ဆုံး မိတ်ဖက်နိုင်ငံ ၃၃ နိုင်ငံအား အခွန်ကင်းလွတ်ခွင့်ပေးအပ်ခဲ့ပြီးနောက်တွင် ယခုမူဝါဒ အားတိုးမြှင့်ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းမူဝါဒအရ အာဖရိကမှ ကုန်ပစ္စည်းများသည် တရုတ်ဈေးကွက်သို့ အခွန်ကင်းလွတ်စွာ ဝင်ရောက်လာနိုင်ပြီဖြစ်သော်လည်း ဈေးကွက်လိုအပ်ချက်များနှင့် အရည်အသွေးစစ်ဆေးရေးသတ်မှတ်ချက်များပြည့်မီရန် လိုအပ်နေသေးပြီး တင်သွင်းလျက်ရှိသော ကုန်ပစ္စည်းများတွင် ၈ ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းအထိ ကောက်ခံခဲ့သော အိုင်ဗရီကို့စ်နှင့် ဂါနာနိုင်ငံတို့မှ ကိုကိုး၊ အမြင့်ဆုံး ၃၀ ရာခိုင်နှုန်းအထိ ကောက်ခံခဲ့သော ကင်ညာကော်ဖီနှင့် ထောပတ်သီး၊ အများဆုံး ၂၀ ရာခိုင်နှုန်းအထိ ကောက်ခံခဲ့သော တောင်အာဖရိကနိုင်ငံမှ လိမ္မော်သီးနှင့် ဝိုင်တို့ ပါဝင်သည်။

၂၀၂၆ ခုနှစ် ပထမသုံးလပတ်တွင် ကွမ်တုန်းပြည်နယ်နှင့် အာဖရိကအကြား ကုန်သွယ်မှုမှာ ယွမ် ၈၄၉ ဒသမ ၈ ဘီလီယံ (ခန့်မှန်းခြေအမေရိကန်ဒေါ်လာ ၁၁၇ ဘီလီယံ)အထိရောက်ရှိခဲ့ပြီး ယမန်နှစ် အလားတူ ကာလထက် ၂၉ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းဖြစ်ပြီး တရုတ်-အာဖရိကကုန်သွယ်မှုတွင် ပြည်နယ်အဆင့် အကြီးဆုံးကုန်သွယ်မှုမိတ်ဖက်ဖြစ်သော ကွမ်တုန်းပြည်နယ်သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်ကိုအရှိန်အဟုန်ဖြင့် ဆက်လက်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ကွမ်တုန်းမှ အာဖရိကသို့ စက်မှုနှင့် လျှပ်စစ်ပစ္စည်းများ အများဆုံးတင်ပို့လျက်ရှိပြီး လျှပ်စစ်ကား တင်ပို့မှုမှာလည်း ၂၀၀ ရာခိုင်နှုန်းကျော်မြင့်တက်ခဲ့သည်ကိုတွေ့ရှိရပြီး တရုတ်နိုင်ငံ၏ တင်သွင်းမှု အချက်အလက်များအရ ကြေးနီ၊ သတ္တုရိုင်းများ၊ ရေနံစိမ်းနှင့် စိန်အဓိကတင်သွင်းခဲ့ပြီး နှစ်နိုင်ငံအကြား အကျိုးအမြတ်ခိုင်မာစွာရရှိခဲ့သည်။

တရုတ်-အာဖရိကကုန်သွယ်မှုသည် ယခုထက် ၂၀ ရာခိုင်နှုန်းကျော်တိုးတက်လာနိုင်ပြီး စိုက်ပျိုးရေးနှင့် အရင်းအမြစ်ထွက်ကုန်များ၏ ကုန်သွယ်မှုကို သိသာစွာမြင့်တက်လာမည်ဟု အာဖရိကလေ့လာရေးအင်စတီကျူမှ သုံးသပ်ပြောကြားခဲ့သည်။ ကွမ်တုန်းပြည်နယ်၏ ကုန်ထုတ်လုပ်မှုအားသာချက်များသည် နှစ်နိုင်ငံကုန်သွယ်မှုကို အထောက်အကူပြုရုံမျှမက ကမ္ဘာ့စီးပွားရေးတည်ငြိမ်မှုဆီသို့ပါ တွန်းအားပေးနိုင်မည့် အရေးပါသော ပြည်နယ်တစ်ခုဖြစ်သည်။

တရုတ်နိုင်ငံ၏ အာဖရိက ၅၃ နိုင်ငံအပေါ် ၁၀၀ ရာခိုင်နှုန်းအခွန်ကင်းလွတ်ခွင့်ပြုသည့် မူဝါဒသည် ကမ္ဘာ့တောင်ခြမ်း (Global South) နိုင်ငံများနှင့် စီးပွားရေးအရပေါင်းစည်းမှုကို ပိုမိုခိုင်မာစေမည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် ကွမ်တုန်းပြည်နယ်၏ အဆင့်မြင့်ကုန်ထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်(Supply Chain)အားသာချက်များကို အသုံးချကာ အာဖရိကမှ စိုက်ပျိုးရေးထွက်ကုန်များနှင့် မရှိမဖြစ်လိုအပ်သော တွင်းထွက်ကုန်ကြမ်းများကို တင်သွင်း၍ တရုတ် နိုင်ငံမှ တန်ဖိုးမြင့်ထုတ်ကုန်များ (ဥပမာ- လျှပ်စစ်ကားနှင့် စက်မှုပစ္စည်းများ)ကို ပြန်လည်တင်ပို့သည့် အပြန်အလှန်အကျိုးပြု ကုန်သွယ်မှုဂေဟစနစ်ကို ဗျူဟာကျကျဖန်တီးထားခြင်းဖြစ်သည်။

ယင်းလုပ်ငန်းစဉ်သည် အာဖရိကနိုင်ငံများအတွက် စီးပွားရေးအခွင့်အလမ်းများဖန်တီးပေးနိုင်ရုံသာမက၊ တရုတ်နိုင်ငံ၏ စွမ်းအင်နှင့် ကုန်ကြမ်းလိုအပ်ချက်ကို လုံခြုံမှုရှိစေသည့်အတွက် ကွမ်တုန်းပြည်နယ်အပါအဝင် မဟာပင်လယ်အော်ဒေသ (Greater Bay Area)၏ နိုင်ငံတကာကုန်သွယ်မှုကွန်ရက်ကိုပါ ပိုမိုကျယ်ပြန့်စွာ ချဲ့ထွင်လာစေနိုင်မည့် စီးပွားရေးအရ အရေးပါသော ဆောင်ရွက်ချက်ဖြစ်သည်။

ယခုအခွန်ကင်းလွတ်ခွင့်မူဝါဒသည် အာဖရိကနှင့်တိုက်ရိုက်သက်ဆိုင်သည့်မူဝါဒဖြစ်ပြီး မြန်မာနိုင်ငံသည် တရုတ်-အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ(ACFTA)အဖွဲ့ဝင်နိုင်ငံအနေဖြင့် ယင်းမူဝါဒအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း အကျိုးခံစားခွင့်မရှိပါ။ အဆိုပါအခွန်ကင်းလွတ်ခွင့်မူဝါဒ၏ အဓိကဖြစ်သော "ဈေးကွက်ဖွင့်လှစ်ခြင်း" နှင့် "ထောက်ပံ့ရေးကွင်းဆက်တည်ဆောက်ခြင်း"ဟူသော ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းသစ်များ ထိုးဖောက် ဖော်ဆောင်ခြင်းအား နမူနာကောင်းအဖြစ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံရှိ နန်နင်းမြို့တို့၏ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် အခွင့်အလမ်းတစ်ခုအဖြစ် ပြန်လည်အသုံးချနိုင်မည်ဖြစ်သည်။

Source: https://info.newsgd.com/node_b74a1b7ffb/59622d26ee.shtml, (လဲ့လဲ့နှင်း၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source : https://myantrade.gov.mm/article/STP(Ygn)_07052026_12:07

## ၂၀၂၆ ခုနှစ်၊ ပထမသုံးလပတ်အတွင်း တရုတ်နိုင်ငံ၏ ဝါဂွမ်းတင်သွင်းမှု သိသိသာသာ မြင့်တက်လာ

၂၀၂၆ ခုနှစ် မတ်လတွင် အစိုးရက ဝါဂွမ်းသွင်းကုန်အပေါ် အချိုးကျပြောင်းလဲကောက်ခံသော အကောက်ခွန် နှုန်းထားနှင့် ကုန်သွယ်မှုအတွက် တန်ချိန် ၃၀၀,၀၀၀ ခွဲတမ်းကို တရားဝင် ထုတ်ပြန်ခဲ့သည်။ ၂၀၂၆ ခုနှစ်အတွက် စုစုပေါင်း အကောက်ခွန်ခွဲတမ်းသည် ၂၀၂၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၀၀,၀၀၀ တိုးလာပြီး ပြည်တွင်းအထည်အလိပ်လုပ်ငန်းများ၏ ကုန်ကြမ်းတန်ဖိုးမြင့်တက်မှုဒဏ်ကို သက်သာစေရန် ခွဲတမ်းထုတ်ပြန်သည့်အချိန်ကို ၅ လခန့်စော၍ ရွှေ့ပြောင်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပြန်သော နောက်ဆုံး အချက်အလက်များအရ ၂၀၂၆ ခုနှစ် မတ်လတွင် တရုတ်နိုင်ငံအနေဖြင့် ဝါဂွမ်းတန်ချိန် ၁ ဒသမ ၈ သန်းခန့် တင်သွင်းခဲ့ရာ ယခင်နှစ်ကာလတူထက် ၁၃၈ ရာခိုင်နှုန်းတိုးတက်လာပြီး လအလိုက်အနေဖြင့် ၆ ရာခိုင်နှုန်းတိုးလာခဲ့သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ တရုတ်နိုင်ငံ၏ ဝါဂွမ်းသွင်းကုန် စုစုပေါင်းသည် တန်ချိန် ၅ ဒသမ ၅ သန်း သို့ရောက်ရှိခဲ့ရာ ယခင်နှစ်ကာလတူထက် ၆၂ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ မတ်လအတွင်း ဝါဂွမ်း သွင်းကုန်ပမာဏသည် ယခင်နှစ်ကာလတူထက် ၂ ဆကျော်တိုးလာခဲ့ပြီး အဆိုပါအခြေအနေက ရက်ကန်းစက်ရုံများအတွက် ကုန်ကျစရိတ်သက်သာ သောကုန်ကြမ်းများ အရေးတကြီးလိုအပ်နေသည့်အခြေအနေကို ပေါ်လွင်စေသည်။ လာမည့်ကာလများတွင် လက်ရှိပြည်တွင်း ဝါဂွမ်းဈေးနှုန်းများသည် ဈေးနှုန်းမြင့်မားသောအခြေအနေတွင်ရှိနေဆဲဖြစ်ပြီး သွင်းကုန်လိုအပ်ချက်မှာ အားကောင်းနေဆဲဖြစ် ကြောင်း သိရသည်။

Zhuochuang သတင်းအချက်အလက်ဌာန၏ စောင့်ကြည့်မှုအရ မတ်လ ပထမ ၁၀ ရက်အတွင်း ပြည်တွင်း၊ ပြည်ပ ဝါဂွမ်းဈေးနှုန်းကွာဟမှုသည် တစ်နှစ်အတွင်းအနီးစပ်ဆုံးအမြင့်ဆုံးဖြစ်သော ယွမ် ၃,၀၀၀ သို့ရောက်ရှိခဲ့သည်။ ပြည်ပဝါဈေးနှုန်း များ ချိုသာနေသည့်အတွက် ကုန်ချောထုတ်လုပ်သူများက ပိုမိုနှစ်သက် သဘောကျဝယ်ယူသုံးစွဲနေကြကြောင်း သိရသည်။ ၂၀၂၆ ခုနှစ် မတ်လတွင် အစိုးရသည် ဝါသွင်းကုန် တန်ဖိုးအလိုက် အကောက်ခွန်ပြုပြင်ထုတ်လုပ်ရေးခွဲတမ်း တန်ချိန် ၃၀၀,၀၀၀ ကို တရားဝင်ထုတ်ပြန်ခဲ့ပြီး ၂၀၂၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၀၀,၀၀၀ တိုးကာ ထုတ်ပြန်ချိန်ကို ၅ လခန့်စော၍ ရွှေ့ပြောင်းခြင်းမှာ ပြည်တွင်းအထည်အလိပ်လုပ်ငန်းများ၏ ကုန်ကြမ်းတန်ဖိုးမြင့်တက်မှုဒဏ်ကို သက်သာစေရန်ဖြစ်သည်။

တင်သွင်းသည့်ရင်းမြစ်နိုင်ငံများ၏ ရှုထောင့်မှကြည့်ပါက ပြည်တွင်း၊ ပြည်ပ ဝါဂွမ်းဈေးနှုန်းကွာဟမှုသည် မြင့်မား သောအဆင့်တွင်ရှိပြီး ဈေးသက်သာသောသွင်းကုန်အနေဖြင့် သိသာထင်ရှားသော ဈေးနှုန်းအကျိုးအမြတ် ရှိကြောင်း သိရသည်။ ၎င်းတို့အနက် ဘရာဇီးဝါဂွမ်းသည် ဈေးနှုန်းအကျိုးအမြတ် အမြင့်ဆုံးဖြစ်ပြီး မကြာသေးမီနှစ်များအတွင်း ပြည်တွင်းဈေးကွက်သို့ တင်သွင်းမှုအများဆုံးလည်းဖြစ်သည်။

အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ အချက်အလက်များအရ မတ်လတွင် ဘရာဇီးမှ တင်သွင်းသော ဝါဂွမ်း ပမာဏသည် ထိုလ၏ စုစုပေါင်းသွင်းကုန်၏ ၆၀ ရာခိုင်နှုန်းရှိပြီး ရင်းမြစ်နိုင်ငံအားလုံးတွင် ပထမနေရာမှ ရပ်တည်ခဲ့သည်။ ၎င်းနောက် ဩစတြေးလျနှင့် အမေရိကန်တို့က ၁၁ ရာခိုင်နှုန်းနှင့် ၈ ရာခိုင်နှုန်း သွင်းကုန် ဈေးကွက်ဝေစုရှိသည်။ ၎င်းတို့အနက်

ဩစတြေးလျဝါဂွမ်းနှင့် အမေရိကန်ဝါဂွမ်းတို့၏ ဈေးကွက်ဝေစုသည် ဖေဖော်ဝါရီလနှင့်နှိုင်းယှဉ်ပါက ၃ ရာခိုင်နှုန်းနှင့် ၂ ရာခိုင်နှုန်းအသီးသီးတိုးလာခဲ့ကြောင်း သိရသည်။ အဓိကအကြောင်းရင်းမှာ ဩစတြေးလျနှင့် အမေရိကန် ဝါဂွမ်းတို့သည် အလျားနှင့်ညီညာမှုတို့တွင် ဘရာဇီးထက် သာလွန်သောကြောင့်ဖြစ်သည်။ ရက်ကန်းစက်ရုံအချို့သည် အရည်အသွေးမြင့် ကုန်ချောအော်ဒါများ၏ လိုအပ်ချက်ကို ပြည့်မီစေရန်အတွက် အဆင့်မြင့်ဝါဂွမ်းကုန်ကြမ်းများကို ဝယ်ယူမှုတိုးမြှင့်ခဲ့ကြကြောင်း သိရသည်။

ဧပြီလနှောင်းပိုင်းတွင် ပြည်တွင်းဝါစိုက်ပျိုးမှုသည် ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးခဲ့ပြီး ယခုနှစ်တွင် Xinjiang ဒေသ၏ ဝါစိုက်ဧရိယာလျော့နည်းခဲ့ပြီး ထွက်ရှိမှုလျော့ကျနိုင်မည်ဟု ခန့်မှန်းထားသည်။ အထည်အလိပ်ထုတ်လုပ်မှုကဏ္ဍတွင် စွမ်းရည်သစ်များ ဆက်တိုက်အကောင်အထည်ဖော်လာပြီး ဝါဂွမ်းဝယ်လိုအားတိုးလာသဖြင့် ကုန်သည်များအနေဖြင့် ရေရှည်တွင် ရောင်းလိုအားနှင့် သုံးစွဲမှုတင်းကျပ်လာမည်ဟု ခိုင်မာစွာမျှော်လင့်နေကြကြောင်း သိရသည်။ ပြည်တွင်းဝါဂွမ်းဈေးနှုန်းသည် အထောက်အပံ့ရရှိထားကြောင်း သိရသည်။ Zhuochuang သတင်းအချက်အလက်ဌာန၏ စောင့်ကြည့်မှုအရ ဧပြီလ ၂၂ ရက်နေ့တွင် တရုတ်နိုင်ငံ၏ 3128B ဝါဂွမ်းပျမ်းမျှ လက်ငင်းဈေးသည် တစ်တန်လျှင် ၁၆,၇၂၅ ယွမ်ဖြင့် ၂ နှစ်အတွင်း အမြင့်ဆုံးရောက်ရှိခဲ့သည်။

Source : Sunsirs, 28 April 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),

Source : https://www.doca.gov.mm/my/node/65269

## ထိုင်းငုယင်လက်ဖက်သည် ဒေါ်လာဘီလီယံချီတန်သည့် ဈေးကွက်ကို ဦးတည်နေ

ဗီယက်နမ်နိုင်ငံ၊ ထိုင်းငုယင်ပြည်နယ်သည် ၎င်း၏လက်ဖက်စိုက်ပျိုးရေးကဏ္ဍကို မဟာဗျူဟာမြောက် ဦးတည်ချက်များ၊ ခေတ်မီထုတ်လုပ်မှုပုံစံများဖြင့် အဆင့်မြှင့်တင်ကာ ၂၀၃၀ ပြည့်နှစ်တွင် "ဒေါ်လာဘီလီယံတန် သီးနှံ" (Billion-dollar crop) ဖြစ်လာစေရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ဟက်တာ ၂၂,၀၀၀ ကျော်ရှိသော လက်ဖက်စိုက်ခင်းများမှ ထွက်ရှိသည့်တန်ဖိုးနှင့်ပမာဏသည် ထိုင်းငုယင်ပြည်နယ်၏ အဓိကစီးပွားရေးမဏ္ဍိုင်ဖြစ်ကြောင်း သက်သေပြနေပြီ ဖြစ်သည်။

ထိုင်းငုယင်ပြည်နယ်သည် Tan Cuong၊ La Bang နှင့် Trai Cai ကဲ့သို့သော နာမည်ကျော် လက်ဖက်စိုက်ပျိုးရာဒေသများကြောင့် "လက်ဖက်မြို့တော်" ဟု တင်စားခေါ်ဝေါ်ခြင်းခံရသည်။ ၂၀၂၅ ခုနှစ် စာရင်းဇယား များအရ တစ်နှစ်လျှင် လက်ဖက်စိမ်းရွက် တန်ချိန် ၂၆၅,၀၀၀ ကျော် ထုတ်လုပ်နိုင်ပြီး ဗီယက်နမ်ဒေါင် ၁၄ ဒသမ ၈ ထရီလီယံ (ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၅၈၀ သန်းကျော်) တန်ဖိုးရှိသည်။ အဆိုပါအခြေခံကောင်းများကြောင့် ၂၀၃၀ ပြည့်နှစ်တွင် လက်ဖက်ကဏ္ဍတစ်ခုလုံး၏ တန်ဖိုးကို ဒေါင် ၂၅ ထရီလီယံ (ဒေါ်လာ ၁ ဘီလီယံကျော်) အထိ မြှင့်တင်ရန် ဒေသန္တရအစိုးရက ရည်မှန်းထားခြင်းဖြစ်သည်။

ထိုင်းငုယင်ပြည်နယ် စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ညွှန်ကြားရေးမှူး Mr. Pham Van Tho က "လက်ဖက်ကို အဓိကလုပ်ငန်းအဖြစ်ပြောင်းလဲဖို့ ထုတ်လုပ်မှု၊ ပြုပြင်မှုနဲ့ ရောင်းချမှုအပိုင်းတွေကို တစ်ပြိုင်တည်းဟန်ချက်ညီညီ လုပ်ဆောင်နေပါတယ်။ ပြည်တွင်းဈေးကွက်တင်မကဘဲ ကမ္ဘာ့ဈေးကွက်ကိုပါ ထိုးဖောက်နိုင်ဖို့ e Commerce နဲ့ ကုန်သွယ်ရေးပြပွဲတွေကို အသုံးပြုပြီး ကူညီပေးနေပါတယ်" ဟု ပြောကြားခဲ့သည်။

Phu Thinh ကဲ့သို့သော မြို့နယ်များတွင် စိုက်ပျိုးမြေချဲ့ထွင်ခြင်းထက် VietGAP နှင့် Organic စံနှုန်းများအတိုင်း အရည်အသွေးမြှင့်တင်ခြင်းကို ပိုမိုဦးစားပေးလာကြသည်။ ၎င်းတို့သည် ၂၀၃၀ တွင် စိုက်ပျိုးမြေ ၇၀ ရာခိုင်နှုန်းကို ဘေးကင်းလုံခြုံမှုစံနှုန်းမီစေရန် ရည်ရွယ်ထားသည်။

အသေးစားစိုက်ပျိုးသူများအား စုစည်းပေးသည့် "သမဝါယမအဖွဲ့များ" သည်လည်း အဓိကအခန်းကဏ္ဍမှပါဝင်နေသည်။ ဥပမာအားဖြင့် Hai Yen လက်ဖက်သမဝါယမအဖွဲ့သည် အဖွဲ့ဝင်အနည်းငယ်ဖြင့် စတင်ခဲ့သော်လည်း ယခုအခါ ဟက်တာများစွာကို အော်ဂဲနစ်စံနှုန်းဖြင့်စိုက်ပျိုးကာ ဟန္တိုင်း၊ ဟိုင်ဖုန်း စသည့်မြို့ကြီးများသို့ တင်ပို့ရောင်းချလျက်ရှိသည်။ သမဝါယမအဖွဲ့များကြောင့် စိုက်ပျိုးထုတ်လုပ်မှုမှာ စနစ်တကျရှိလာပြီး အမှတ်တံဆိပ် (Brand) တည်ဆောက်ရာတွင် ပိုမိုလွယ်ကူလာကြောင်း ဒေသခံများကဆိုသည်။

ထိုင်းငုယင်လက်ဖက်သည် ထုတ်လုပ်မှုတင်မကဘဲ လက်ဖက်ယဉ်ကျေးမှုကိုအခြေခံသည့် "အတွေ့အကြုံသစ် ခရီးသွားလုပ်ငန်း" (Experiential Tourism)ကိုပါ တွဲဖက်ဖော်ဆောင်လျက်ရှိသည်။ နည်းပညာပိုင်းတွင်လည်း GPS စနစ်သုံး စိုက်ပျိုးမြေစီမံခန့်ခွဲမှုနှင့် ဒီဂျစ်တယ်နည်းပညာများကို အသုံးပြုကာ အရည်အသွေးကို ထိန်းချုပ်နေသည်။

လက်ရှိတွင် "Thai Nguyen Tea" အမှတ်တံဆိပ်ကို နိုင်ငံအများအပြားတွင် မှတ်ပုံတင်ကာကွယ်ထား ပြီးဖြစ်ကာ "Tan Cuong" လက်ဖက်မှာ ဥရောပဈေးကွက်အထိ ထိုးဖောက်ရောက်ရှိနေပြီဖြစ်သည်။ အစိုးရ၊ လုပ်ငန်းရှင်များနှင့် ဒေသခံတောင်သူများ၏ ဟန်ချက်ညီညီကြိုးပမ်းမှုများကြောင့် ထိုင်းငုယင်ပြည်နယ်၏ "ဒေါ်လာ ဘီလီယံတန် လက်ဖက်သီးနှံ" ရည်မှန်းချက်သည် လက်တွေ့ဖြစ်လာရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။Source :https://www.doca.gov.mm/my/node/65256

## ပြည်တွင်းကုန်သွယ်မှုသတင်း

### စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တာချီလိတ်မြို့ရှိ ကုန်သွယ်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများ လိုက်ပါလျက် ၂၀၂၆ ခုနှစ် မေလ ၂၃ ရက်နေ့ နံနက် ၇ နာရီက တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားအမှတ် ၂ သို့ ရောက်ရှိကြည့်ရှုစစ်ဆေးခဲ့ပြီး၊ ဌာနဆိုင်ရာ One Stop Service ( OSS) အဖွဲ့များအားတွေ့ဆုံ၍ ပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်မှုရှိစေရေး စနစ်တကျစိစစ်ရန်၊ ပို့ကုန်၊ သွင်းကုန်လုပ်ထုံးလုပ်နည်းများအတိုင်းဆောင်ရွက်ရန်၊ လိုင်စင်တွင်ပါသည့် အမျိုးအစား၊ တန်ချိန်အတိုင်းဖြစ်စေရေး ကြပ်မတ်ရန်နှင့် တရားမဝင်တင်ပို့တင်သွင်းခြင်းများမရှိစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း (ခ) ကျေးရွာအုပ်စု၊ ဆွတ်ဆိုင်ကျေးရွာရှိ Moon HL Trading ကုမ္ပဏီ၏ ပြောင်းဂိုဒေါင်သို့ သွားရောက်၍ ပြောင်းဆန်များ သိုလှောင်ထားရှိမှုနှင့် တင်ပို့မည့်အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝမ်ပုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ရောက်ရှိပြီး၊ OSS အဖွဲ့ဖြင့် ဆိပ်ကမ်း၌ ကုန်တင်ကုန်ချဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်မဖြစ်စေရေး၊ တားမြစ်ကုန်၊ ကန့်သတ်ကုန်များမပါရှိစေရေး သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်မြို့ Lord Eagle Hotel ရှိ အစည်းအဝေးခန်းမတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များနှင့် OSS အဖွဲ့ဝင်များအားတွေ့ဆုံ၍ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်ကြရန်၊ ပို့ကုန် ၂ ဆ တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း - MSME များ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်ရန်၊ တရားမဝင်ကုန်သွယ်မှုများမရှိစေရေး လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် ဝန်ထမ်းများအနေဖြင့် အဂတိကင်းရှင်း စွာကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်ကုန်သွယ်ရေးစခန်း(မယ်ယန်း)သို့ ရောက်ရှိ ပြီး၊ ပို့ကုန်၊ သွင်းကုန်ယာဉ်များပေါ်ရှိ ကုန်ပစ္စည်းများစစ်ဆေးနေမှုတို့အား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ Source : https://commerce.gov.mm/my/article/minister-news/32935

## ပြည်ပကုန်သွယ်မှုသတင်း

### မြန်မာနိုင်ငံမှ ချင်းခြောက်များကို ကိုရီးယားနိုင်ငံနှင့် ဝဥမှုန့်များကို ဂျပန်နိုင်ငံသို့ မြန်မာလုပ်ငန်းရှင်များနှင့် ပူးပေါင်းတင်ပို့လို

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရှိ Guokee Bio-Tech Company Limited ကုမ္ပဏီက မြန်မာနိုင်ငံမှ ချင်းခြောက်များကို ဝယ်ယူ၍ ကိုရီးယားနိုင်ငံသို့တင်ပို့လိုကြောင်း၊ ချင်းခြောက်ထုတ်လုပ်လျက်ရှိသည့် မြန်မာလုပ်ငန်းရှင်များ (သို့မဟုတ်) စိတ်ဝင်စားမှုရှိသော မြန်မာလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ ချင်းခြောက်ပြုလုပ်သည့်အခါ နည်းပညာများပံ့ပိုးပေးမည်ဖြစ်ကြောင်း ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး သို့ ဆင်သွယ်မေးမြန်းလာကြောင်း သိရသည်။

ထို့အတူ ၎င်းတို့ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ၊ မြဝတီနှင့် မော်လမြိုင်ဒေသတို့မှ ထွက်ရှိသော ဝဥများကို ဝယ်ယူ၍ အမှုန့်ပြုလုပ်ကာ ဂျပန်နိုင်ငံသို့လည်း တင်ပို့လိုကြောင်း၊ သို့ဖြစ်ပါ၍ မြဝတီနှင့် မော်လမြိုင်ဒေသတို့မှ ထွက်ရှိသော ဝဥများကို အမှုန့်ကြိတ်လိုသည့်လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ ၎င်းတို့အနေဖြင့် အမှုန့်ကြိတ်သည့် လုပ်နည်းကိုင်နည်း နည်းပညာဖြန့်ဝေပေးပြီး အခြားလိုအပ်သည်များကိုလည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းတို့အနေဖြင့် တရုတ်နိုင်ငံသာမက ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင်လည်း ဈေးကွက်ရှာဖွေရရှိပြီးဖြစ်သည့် အပြင် မြန်မာကုမ္ပဏီအနေဖြင့် တင်ပို့ပါကခံစားခွင့်များ(Incentives)ပိုမိုရရှိနိုင်သည့်အတွက် မြန်မာ လုပ်ငန်းရှင်နှင့်ပူးပေါင်းကာ မြန်မာကုမ္ပဏီအနေဖြင့် ဖက်စပ်တည်ထောင်ပြီး မြန်မာ့ကုန်စည်များတင်ပို့သွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာလုပ်ငန်းရှင်များအနေဖြင့် အဆိုပါ Guokee Bio-Tech နှင့်ပူးပေါင်း၍ ချင်းခြောက်များကို ဂျပန်နိုင်ငံသို့လည်းကောင်း၊ ဝဥမှုန့်များကို ကိုရီးယားနိုင်ငံသို့လည်းကောင်း တင်ပို့လိုပါက kmmhtway @gmail.com၊ Viber : 09943602357 သို့ဆက်သွယ်နိုင်သည်။ (ခင်မြမြထွေး၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_04052026_12:21

## ဧပြီလအတွင်း မြန်မာ့ပုစွန်တင်ပို့မှု မက်ထရစ်တန် ၃၅၀ ကျော်ထိရှိလာ

လက်ရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ဧပြီလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆ သန်းကျော် တန်ဖိုးရှိသော ပုစွန်မက်ထရစ်တန် ၃၅၀ ကျော်ကို မြန်မာနိုင်ငံမှ နိုင်ငံတကာကုန်သွယ်ဖက်နိုင်ငံများသို့ တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီး ဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်လအတွင်း မြန်မာနိုင်ငံသည် ပင်လယ်ရေကြောင်းမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ သန်းတန်ဖိုး ရှိသော ပုစွန် ၃၃၉ ဒသမ ၂၈ မက်ထရစ်တန်တင်ပို့ခဲ့ပြီး၊ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၇ သန်း တန်ဖိုးရှိသော ပုစွန် ၁၂ ဒသမ ၇၆ မက်ထရစ်တန် တင်ပို့ခဲ့ရာ စုစုပေါင်းတင်ပို့မှု တန်ချိန် ၃၅၂ ဒသမ ၀၄ မက်ထရစ်တန်ခန့် ရှိလာခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသည် ပုစွန်တန်ချိန် ၉,၀၀၀ ကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၃၀ ရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်သော ထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံသည် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်နိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၄၀ သို့ ရေထွက်ပစ္စည်းများကို ပုံမှန်တင်ပို့လျက်ရှိကြောင်း သိရသည်။

Source: The Global New Light of Myanmar ,

Source: https://www.doca.gov.mm/my/node/65594

**အထူးဆောင်းပါးများ**

## သကြားထွက်ကုန် ၂၀၂၆ ဘဏ္ဍာနှစ်တွင် ၇ ရာခိုင်နှုန်းတက်လာ၊ သကြားထုတ်လုပ်သူများနှင့် ကုန်သည်များအသင်းက မူဝါဒဆိုင်ရာသက်သာခွင့်တောင်းဆို

အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှုသည် ၂၀၂၅-၂၀၂၆ ဈေးကွက်ရာသီတွင် ၇ ဒသမ ၃၂ ရာခိုင်နှုန်း တိုးတက်ကာ သန်းပေါင်း ၂၇ ဒသမ ၅၂ တန်သို့ရောက်ရှိလာကြောင်း လုပ်ငန်းအဖွဲ့အစည်း အိန္ဒိယသကြား ထုတ်လုပ်သူများနှင့် ကုန်သည်များ အသင်း(ISMA)က ထုတ်ပြန်ကြေညာခဲ့သည်။ ဤတိုးတက်မှုသည် အဓိကအားဖြင့် မဟာရာရှတြာပြည်နယ်နှင့် ကာနာတကာ ပြည်နယ်တို့တွင် သကြားထုတ်လုပ်မှုမြင့်တက်လာခြင်း ကြောင့်ဖြစ်ကြောင်း သိရသည်။ ယခင်နှစ် တူညီသောကာလ(ဧပြီ ၃၀ ရက်အထိ)တွင် သကြားထုတ်လုပ်မှုသည် သန်းပေါင်း ၂၅ ဒသမ ၆၄ တန်သာရှိခဲ့သည်။ သကြားဈေးကွက်ရာသီသည် အောက်တိုဘာလမှ စက်တင်ဘာလအထိဖြစ်သည်။

ISMA အသင်း၏ထုတ်ပြန်ချက်အရ နိုင်ငံ၏သကြားအများဆုံးထုတ်လုပ်သောပြည်နယ်ဖြစ်သည့် မဟာရာရှတြာတွင် ထုတ်လုပ်မှုသည် သန်းပေါင်း ၈ ဒသမ ၀၉ တန်မှ သန်းပေါင်း ၉ ဒသမ ၉၂ တန်သို့ တက်လာခဲ့ပြီး ကာနာတကာ ပြည်နယ် တွင်လည်း ထုတ်လုပ်မှုသည် သန်းပေါင်း ၄ ဒသမ ၀၄ တန်မှ သန်းပေါင်း ၄ ဒသမ ၈၀ တန်သို့တိုးတက်လာခဲ့ကြောင်းသိရသည်။ သို့သော် ဥတ္တရပြည်နယ်တွင်မူ သကြားထုတ်လုပ်မှုသည် ယခင်နှစ်ကသန်းပေါင်း ၉ ဒသမ ၂၄ တန်မှ သန်းပေါင်း ၈ ဒသမ ၉၆ တန်သို့ကျဆင်းသွားခဲ့ကြောင်းသိရသည်။ ISMA မှ ခန့်မှန်းချက်အရ အီသနောသို့ လွှဲပြောင်းသုံးစွဲမှုအပြီး ၂၀၂၅-၂၆ ဈေးကွက်

ရာသီတစ်ခုလုံး၏ စုစုပေါင်း သကြားထုတ်လုပ်မှုသည် သန်းပေါင်း ၂၉ ဒသမ ၃ တန်ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး၊ ၎င်းသည် ၂၀၂၄-၂၅ ခုနှစ်တွင် မှတ်တမ်းတင်ခဲ့သော သန်းပေါင်း ၂၆ ဒသမ ၁၂ တန်ထက် သိသိသာသာတိုးတက်နေကြောင်း သိရသည်။

သို့သော် စက်ရုံများ၏ ကြိတ်ခွဲမှုလုပ်ငန်းသည် သိသိသာသာကျဆင်းလာပြီး ယခုအချိန်တွင် စက်ရုံ ၅ ရုံ သာလည်ပတ်နေကြောင်း သိရသည်။ ယခင်နှစ် တူညီသောကာလတွင် ၁၉ ရုံလည်ပတ်နေခဲ့သည်နှင့်နှိုင်းယှဉ်လျှင် များစွာလျော့နည်းသွားသည်။ ဥတ္တရပြည်နယ်၊ မဟာရာရှတြာနှင့် ကာနာတကာ ပြည်နယ်များရှိ သကြားစက်ရုံ အားလုံးသည် အဓိကရာသီအတွက် ပိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။ သို့သော် ကာနာတကာရှိ စက်ရုံအချို့သည် ၂၀၂၆ ခုနှစ် ဇွန်-ဇူလိုင်လတွင် အထူးရာသီတစ်ခုအနေဖြင့် ထပ်မံလည်ပတ်မည်ဟု ISMA မှ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ တမီးနာဒူးပြည်နယ်ရှိ သကြားစက်ရုံများသည်လည်း အထူးရာသီတစ်လျှောက် ဆက်လက်လည်ပတ်မည်ဖြစ်သည်။ ကာနာတကာနှင့် တမီလ်နာဒူပြည်နယ်နှစ်ခုပေါင်းသည် ယခင်ကတည်းက ထိုကာလအတွင်း တန်ချိန် ၅၀၀,၀၀၀ ခန့်ထုတ်လုပ်လေ့ရှိကြောင်း သမိုင်းကြောင်းအရ သိရသည်။

ရာသီကုန်ဆုံးလာသည်နှင့်အမျှ လုပ်ငန်းကဏ္ဍမှ သကြား၏ အနိမ့်ဆုံးရောင်းချနိုင်သောဈေးနှုန်း (MSP - Minimum Selling Price)ကို အစောဆုံးပြန်လည်သတ်မှတ်ပေးရန် တောင်းဆိုလျက်ရှိသည်။ တောင်းဆိုရခြင်း၏ အကြောင်းရင်းများမှာ—ထုတ်လုပ်မှုကုန်ကျစရိတ်တိုးမြင့်လာခြင်း၊ စက်ရုံမှထွက်သော သကြားရောင်းရငွေနည်းပါး သွားခြင်းကြောင့် စက်ရုံများ၏ ငွေသားစီးဆင်းမှုပေါ် ဖိအားဖြစ်ပေါ်နေခြင်း၊ သကြားတဆေးတောင်သူများထံ ငွေပေးချေမှုနောက်ကျမှုများ ပိုမိုများပြားလာစေခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

မဟာရာရှတြာပြည်နယ်တစ်ခုတည်းတွင်ပင် သကြားတဆေးငွေပေးချေမှုနောက်ကျမှုသည် ဧပြီလအလယ်ပိုင်းအထိ ရူပီးကုဋေ ၂,၁၃၀ ရှိနေပြီး၊ ယခင်နှစ်တူညီသောကာလတွင် ရူပီးကုဋေ ၇၅၂ သာရှိခဲ့သည်နှင့် နှိုင်းယှဉ်လျှင် သုံးဆနီးပါး မြင့်တက်သွားခဲ့သည်။ ထို့ပြင် လုပ်ငန်းကဏ္ဍမှ အစိုးရထံ ဖော်ပြပါတောင်းဆိုမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ လက်ရှိ E20 အစီအစဉ်ထက်ကျော်လွန်၍ E25 နှင့် E85၊ E100 ကဲ့သို့သော အဆင့်မြင့်အရောစပ်မှုပမာဏများဆီသို့ အီသနောရောစပ်မှုပန်းတိုင်များကို အချိန်စောစောတိုးမြှင့်ပေးရန်၊ Flex-fuel ယာဉ်များ ပိုမိုမြန်ဆန်စွာထုတ်လုပ်ဖြန့်ချိပေးရန်၊ ကုန်နှင့်ဝန်ဆောင်မှုအခွန်(GST) နှုန်းထားများ ချိန်ညှိပေး ရန်တို့ဖြစ်သည်။

ISMA မှ အီသနောဝယ်ယူဈေးနှုန်း နောက်ကျမှုကြောင့် တည်ဆောက်ထားသော စွမ်းအားများအပြည့်အဝ အသုံးမချနိုင်ဘဲဖြစ်နေသည်ဟု သတိပေးထားပြီး၊ ဈေးနှုန်းပြန်လည်သတ်မှတ်မှုကို အမြန်ဆောင်ရွက်ပေးခြင်းသည် စွမ်းအားအသုံးချနိုင်မှုတိုးတက်စေရန်နှင့်ရင်းနှီးမြှုပ်နှံသူများအတွက် မူဝါဒဆိုင်ရာသေချာမှုပေးရန်တို့အတွက် မရှိမဖြစ်လိုအပ်ကြောင်း ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ၂၀၂၅-၂၆ သကြားဈေးကွက်ရာသီတွင် ထုတ်လုပ်မှု ၇ ဒသမ ၃၂ ရာခိုင်နှုန်းတိုးတက်ကာ သန်းပေါင်း ၂၉ ဒသမ ၃ တန်အထိရောက်ရှိမည်ဟုခန့်မှန်းထားသည်မှာ နှစ်တိုင်းစနစ်တကျစီမံခန့်ခွဲထားသော ရလဒ်တစ်ခုဖြစ်သည်။ မဟာရာရှတြာနှင့် ကာနာတကာပြည်နယ်များမှ ထုတ်လုပ်မှုမြင့်တက်ခြင်းသည် ဒေသဆိုင်ရာလုပ်ငန်းစွမ်းဆောင်ရည်ကို အမြင့်ဆုံးရောက်အောင်အာရုံစိုက်မှုကြောင့်ဖြစ်သည်။

Sources: The Business Standard: Sugar output rises 7% so far in FY26; ISMA presses for policy relief

(ဖြူသဲနွယ်၊စီးပွားရေးသံမှူး၊ကော်လ်ကတ္တားမြို့),

Sources:https://myantrade.gov.mm/article/STP(Ygn)_11052026_11:45

## အရှေ့တောင်အာရှ ရထားလမ်းသစ်ကြောင့် တရုတ်နိုင်ငံတွင် ဒူးရင်းသီးဈေးနှုန်းများ ကျဆင်း

အရှေ့တောင်အာရှမှ ဒူးရင်းစိုက်တောင်သူများသည် ယခုအခါ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံ အနောက်တောင်ဘက်ပိုင်း ယူနန်ပြည်နယ်ကို ဆက်သွယ်ထားသည့် အအေးခန်း ရထားလမ်း ဝန်ဆောင်မှုအသစ် ကို အသုံးပြု၍ ဒူးရင်းသီးများကို တရုတ်နိုင်ငံသို့ ယခင်ကထက် ပိုမိုမြန်ဆန်စွာ တင်ပို့နိုင်ပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်နိုင်ခြင်းကြောင့် အနံ့ပြင်းသော ဒူးရင်းသီး၏ ဈေးနှုန်းများ သိသိသာသာ ကျဆင်းသွားကြောင်း သိရသည်။

တရုတ်နိုင်ငံအတွက် အကြီးဆုံးဒူးရင်းသီးအရင်းအမြစ်ဖြစ်သည့် ထိုင်းနိုင်ငံမှ ဒူးရင်းသီးများ တင်ဆောင်လာသည့် ပထမဆုံးကုန်စည်ရထားကြီးသည် လာအိုနိုင်ငံကိုဖြတ်၍ မြောက်ဘက်တရုတ်နိုင်ငံဆီသို့ ယခင်အပတ်က စတင်ခုတ်မောင်းလာခဲ့ကြောင်း တရုတ်နိုင်ငံပိုင် ရုပ်သံလွှင့်ဌာန CCTV က ၂၀၂၆ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ဖော်ပြထားသည်။

ယခင်နှစ်တွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံခန့် (ထိုင်းဘတ်ငွေ ၂၂၄ ဘီလီယံ) ရှိသည့် ကမ္ဘာ့ဒူးရင်း တင်ပို့မှု၏ ၉၀ ရာခိုင်နှုန်းကျော်သည် တရုတ်ဈေးကွက်သို့ ရောက်ရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံတွင် အနံ့ပြင်းသော ဒူးရင်းသီးကို အလွန်တန်ဖိုးထားကြပြီး အထိမ်းအမှတ်ပွဲများတွင် လက်ဆောင်အဖြစ် မကြာခဏပေးကမ်းလေ့ရှိကြောင်း၊ အလေးချိန် ၆ ကီလို ဂရမ်ရှိသော ဒူးရင်းသီးတစ်လုံးသည် တရုတ်နိုင်ငံ၌ ယွမ် ၂၀၀ (၉၅၀ ဘတ်) အထိ ဈေးရကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများနှင့် ဆက်သွယ်သည့် ရထားလမ်းကွန်ရက်တစ်ခုကို တည်ဆောက်ရန် နှစ်ပေါင်းများစွာကြိုးပမ်းခဲ့ကြောင်း၊ တရုတ်-လာအို ရထားလမ်းသည် ၂၀၂၁ ခုနှစ်ကတည်းက စတင်လည်ပတ်ခဲ့ပြီး အဆိုပါ လမ်းကြောင်းကို ထိုင်းနိုင်ငံဆီသို့ ယခင်ရှိပြီး ရထားလမ်းများနှင့်လည်း ချိတ်ဆက်ထားကြောင်းသိရသည်။

CCTV ၏ ဖော်ပြချက်အရ အပူချိန် ၁၃ ဒီဂရီစင်တီဂရိတ်အထိအအေးရှိသောအခန်းပါရှိသည့် အအေးခန်းရထား လမ်းဆက်သွယ်မှုအသစ်သည် ထိုင်းနိုင်ငံ၏ Laem Chabang ဆိပ်ကမ်းမှ လာအိုနိုင်ငံကိုဖြတ်၍ ယူနန်ပြည်နယ်၏မြို့တော် ကူမင်းမြို့သို့ ပြေးဆွဲသည်။

People's Daily သတင်းစာ၏ ဖော်ပြချက်အရ ထိုင်းဒူးရင်းသီးများ တင်ဆောင်သော ရထားများသည် ယခုအခါ နံနက်ခင်းတိုင်း ကူမင်းမြို့သို့ ရောက်ရှိမည်ဖြစ်ကာ ယခုနှစ်တွင် အပူပိုင်းဒေသ သီးနှံဖြစ်သော ဒူးရင်း တန်ချိန် ၂၀၀,၀၀၀ ကျော်ကို သယ်ယူပို့ဆောင်နိုင်ရန် မျှော်မှန်းထားပြီး ကူမင်းမြို့သို့ ခရီးစဉ်သည် သုံးရက် ကြာမြင့်ကြောင်း သိရသည်။

ရထားလမ်းဆက်သွယ်မှုကြောင့် ထိုင်းဒူးရင်းများကို တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ အဓိကမြို့ကြီး Chengdu မြို့သို့တင်ပို့ရန် ယခုအခါ ၅ ရက်သာကြာမြင့်ပြီး ယခင်က တစ်ပတ်ခန့်ကြာမြင့်ခဲ့ကြောင်း၊ CCTV ၏ အဆိုအရ တင်သွင်းလာ သော ဒူးရင်းသီးများ၏ ဈေးနှုန်းသည် ရောင်းလိုအားတိုးလာခြင်းကြောင့် ၃၀ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

မလေးရှားနိုင်ငံ၊ Durian Academy မှ တောင်သူများကို လေ့ကျင့်သင်ကြားပေးသည့် အကြံပေး Mr. Lim Chin Khee ၏ ပြောကြားချက်အရ ဒူးရင်းတင်ပို့သူများအတွက် ရထားလမ်းသည် ကုန်ကျစရိတ်သက်သာပြီး လေကြောင်းကုန်စည် ပို့ဆောင်ခ နှင့်နှိုင်းယှဉ်ပါက ဈေးသက်သာကာ ရေကြောင်းကုန်စည်ပို့ဆောင်မှုထက် ပိုမိုမြန်ဆန်သည့်အတွက် ကောင်းမွန်သော ရွေးချယ်မှု တစ်ခုဖြစ်ကြောင်း၊ အကြောင်းမှာ ရေကြောင်းပို့ဆောင်ချိန် ပိုမိုကြာမြင့်ခြင်းကြောင့် အသီးများမကြာခဏ ပုပ်သွားတတ်သော ကြောင့်ဖြစ်ကြောင်း သိရသည်။

တရုတ်-လာအိုရထားလမ်းသည် ဒူးရင်းတင်ပို့မှုအတွက်အရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်လာကြောင်း၊ အကြောင်း မှာ အဆိုပါရထားလမ်းသည် အမြန်နှုန်း၊ ကုန်ကျစရိတ်နှင့် အသီးအရည်အသွေး ထိန်းသိမ်းမှုများကြားတွင် ဟန်ချက်ညီညီ ထိန်းထားသောကြောင့်ဖြစ်ကြောင်း၊ အရည်အသွေးမြင့်အသီးများ အထူးသဖြင့် ဒူးရင်းသီးများအတွက် အချိန်နှင့် အပူချိန် ထိန်းချုပ်မှုသည် အလွန်အရေးကြီးကြောင်း သိရသည်။

အအေးခန်းအသုံးပြုခြင်းသည် ခရီးစဉ်အတွင်း ပုပ်သွားခြင်း၊ အသီးမှည့် မညီညာခြင်းနှင့် ကိုင်တွယ်စဉ်ထိခိုက်ပျက်စီး ခြင်းများမှ ဆုံးရှုံးမှုကို လျှော့ချပေးကြောင်း Kim က ပြောကြားခဲ့သည်။ CCTV ၏ အစီရင်ခံစာအရ ရထားလမ်းအသစ်ဖြင့် တင်ပို့သော ဒူးရင်းသီး ၃ ရာခိုင်နှုန်းသာ ပုပ်သွားနိုင်ခြေရှိပြီး ယခင်ကမူ ၁၀ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

တရုတ် e Commerce ကုမ္ပဏီကြီး JD.com ၏ အစိတ်အပိုင်းဖြစ်သော JD Fresh က တရုတ်နိုင်ငံ၏ စားသုံးသူ များသည် အရည်အသွေးပိုင်းကို ပိုမိုအာရုံစိုက်လာကြသည်ဟု ဧပြီလ ၂၇ ရက်နေ့တွင် ဖော်ပြခဲ့သည်။ အချိန်ကြာမြင့်စွာ တည်ရှိခဲ့သော အရည်အသွေးဆိုင်ရာ စိုးရိမ်မှုများကို ဖြေရှင်းရန်အတွက် JD Fresh က အသက် ၁၀ နှစ်အရွယ် ဒူးရင်းပင်များမှ အကောင်းဆုံး မွန်ထောင်းဒူးရင်းသီးများကိုရွေးချယ်ရန် စံသတ်မှတ်ချက်တစ်ခုကို မိတ်ဆက်ပေးခဲ့ကြောင်း၊ အဆိုပါ စံသတ်မှတ် ချက်သည် ဒူးရင်းသီးအလုံး ၁၀၀ တွင် ၉၉ လုံးကို ဖယ်ရှားလိုက်သကဲ့သို့ ဖြစ်သွားစေကြောင်း သိရသည်။

၁၀၃၅ ကီလိုမီတာ ရှည်လျားသော တရုတ်-လာအို ရထားလမ်းကို ပေကျင်း၏ ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်း (Belt and Road Initiative)၏ တစ်စိတ်တစ်ပိုင်းအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံအနေဖြင့် စီမံကိန်း၏ ဆောက်လုပ်ရေး ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၅ ဒသမ ၉ ဘီလီယံကို အညီအမျှကျခံခဲ့ကြသည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ ဆင်းရဲ မွဲတေပြီး ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့် လာအိုနိုင်ငံအား တရုတ်နှင့်ဒေသတွင်းရှိ အခြားနိုင်ငံများသို့ ကုန်သွယ်ရေးလမ်းကြောင်း သစ်များ ပံ့ပိုးပေးခြင်းဖြင့် လာအို၏စီးပွားရေးကို မြှင့်တင်ရန်ဖြစ်သည်။

တရုတ်နိုင်ငံသည် ယခင်နှစ်က ၎င်း၏ ဒူးရင်းသီးအများစုကို ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ တင်သွင်းခဲ့ပြီး ကမ္ဘောဒီးယား၊ လာအို၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများမှလည်း အနည်းငယ်စီ တင်သွင်းခဲ့သည်။ Lim ၏ ပြောကြားချက်အရ အအေးခန်းရထားလမ်း ဝန်ဆောင်မှုအသစ်ကို အခွင့်ကောင်းယူနိုင်ရန် ပထဝီအနေအထားအရ လာအို၊ ထိုင်းနှင့် ဗီယက်နမ်တို့သည် အကောင်းဆုံးအနေအထားတွင် ရှိကြသည်။

Source: Bangkok Post, 4 May 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),

Sources: https://www.doca.gov.mm/my/node/65389

## ကုန်သွယ်မှုအခြေအနေ,

## ကုန်စည်ဈေးနှုန်းများ

### ၂၀၂၆၊ မေလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)( ၂၆. ၂၀၂၆ ) ထိ

| မြို့နယ် | ဧယာ | ရှာဝတီ ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | 64000-68000 | 130000-140000 |
| မြောင်းမြ | 64000-68000 | 145000-155000 |
| ဒေးဒရဲ | 64000-68000 | 130000-140000 |
| ဝါးခယ်မ | 64000-68000 | 130000-140000 |
| ဘိုကလေး | 64000-68000 | 130000-140000 |
| မော်လမြိုင်ကျွန်း | 64000-68000 | 130000-140000 |
| လပွတ္တာ | - | 130000-140000 |
| ကျိုက်လတ် | 64000-68000 | 130000-140000 |
| ဘုရင့်နောင် | 64000-68000 | 195000-220000(ရွှေဘိုပေါ်ဆန်း) |

**Source: MRF**

### ၂၀၂၆၊ မေလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 4.5.2026 | 1850-2250 | 1800-2200 | 1750-2150 | 1700-2100 | 1650-2050 |
| 2 | 11.5.2026 | 1950-2350 | 1900-2300 | 1850-2250 | 1800-2200 | 1750-2150 |
| 3 | 18.5.2026 | 1950-2350 | 1900-2300 | 1850-2250 | 1800-2200 | 1750-2150 |
| 4 | 25.5.2026 | 1950-2350 | 1900-2300 | 1850-2250 | 1800-2200 | 1750-2150 |

Source: MRPPA

## ၂၀၂၆၊ မေလအတွင်း နေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(အသစ်) | | | ခွံနီ(ရှယ်) | | | ညှော့မထ 15% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 4.5.2026 | 145000 | 14000 | 135000 | 125000 | 115000 | 105000 | 64000 | 62000 | 60000 | 62000 | 60000 | 58000 |
| 2 | 5.5.2026 | 145000 | 14000 | 135000 | 125000 | 115000 | 105000 | 64000 | 62000 | 60000 | 62000 | 60000 | 58000 |
| 3 | 6.5.2026 | 145000 | 14000 | 135000 | 125000 | 115000 | 105000 | 64000 | 62000 | 60000 | 62000 | 60000 | 58000 |
| 4 | 7.5.2026 | 145000 | 14000 | 135000 | 125000 | 115000 | 105000 | 64000 | 62000 | 60000 | 62000 | 60000 | 58000 |
| 5 | 8.5.2026 | 145000 | 14000 | 135000 | 125000 | 115000 | 105000 | 64000 | 62000 | 60000 | 62000 | 60000 | 58000 |
| 6 | 11.5.2026 | 145000 | 14000 | 135000 | 125000 | 115000 | 105000 | 64000 | 62000 | 60000 | 62000 | 60000 | 58000 |
| 7 | 12.5.2026 | 140000 | 135000 | 130000 | 125000 | 115000 | 105000 | 65000 | 64000 | 62000 | 62500 | 61000 | 60000 |
| 8 | 13.5.2026 | 140000 | 135000 | 130000 | 125000 | 115000 | 105000 | 65000 | 64000 | 62000 | 62500 | 61000 | 60000 |
| 9 | 14.5.2026 | 140000 | 135000 | 130000 | 125000 | 115000 | 105000 | 65000 | 64000 | 62000 | 62500 | 61000 | 60000 |
| 10 | 15.5.2026 | 140000 | 135000 | 130000 | 125000 | 115000 | 105000 | 65000 | 64000 | 62000 | 62500 | 61000 | 60000 |
| 11 | 18.5.2026 | 138000 | 132000 | 127000 | 120000 | 115000 | 105000 | 65000 | 64000 | 62000 | 62500 | 61000 | 60000 |
| 12 | 19.5.2026 | 138000 | 132000 | 127000 | 120000 | 115000 | 105000 | 65000 | 64000 | 62000 | 62500 | 61000 | 60000 |
| 13 | 20.5.2026 | 138000 | 132000 | 127000 | 120000 | 115000 | 105000 | 65000 | 64000 | 62000 | 62500 | 61000 | 60000 |
| 14 | 21.5.2026 | 138000 | 132000 | 127000 | 120000 | 115000 | 105000 | 65000 | 64000 | 62000 | 62500 | 61000 | 60000 |
| 15 | 22.5.2026 | 138000 | 132000 | 127000 | 120000 | 115000 | 105000 | 65000 | 64000 | 62000 | 62500 | 61000 | 60000 |
| 16 | 25.5.2026 | 138000 | 132000 | 127000 | 120000 | 115000 | 105000 | 68000 | 66000 | 64000 | 63000 | 62000 | 61000 |
| 17 | 26.5.2026 | 138000 | 132000 | 127000 | 120000 | 115000 | 105000 | 68000 | 66000 | 64000 | 63000 | 62000 | 61000 |
| 18 | 27.5.2026 | 138000 | 132000 | 127000 | 120000 | 115000 | 105000 | 68000 | 66000 | 64000 | 63000 | 62000 | 61000 |
| 19 | 29.5.2026 | 138000 | 132000 | 127000 | 120000 | 115000 | 105000 | 68000 | 66000 | 64000 | 63000 | 62000 | 61000 |

Source: Myanmar Rice

## ၂၀၂၆၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 4.5.2026 | 2100.0 | 64.57 | 307.46 | 1647.90 | 22.09 | 1338.05 |
| 2 | 5.5.2026 | 2100.0 | 64.13 | 307.46 | 1644.48 | 22.02 | 1335.58 |
| 3 | 6.5.2026 | 2100.0 | 64.88 | 308.07 | 1651.29 | 22.09 | 1344.09 |
| 4 | 7.5.2026 | 2100.0 | 65.33 | 308.70 | 1658.77 | 22.25 | 1344.34 |
| 5 | 8.5.2026 | 2100.0 | 65.12 | 308.67 | 1655.17 | 22.19 | 1338.99 |
| 6 | 11.5.2026 | 2100.0 | 64.71 | 309.03 | 1654.32 | 22.07 | 1337.07 |
| 7 | 12.5.2026 | 2100.0 | 64.80 | 309.03 | 1650.10 | 21.94 | 1333.21 |
| 8 | 13.5.2026 | 2100.0 | 64.88 | 309.26 | 1650.75 | 21.94 | 1330.80 |
| 9 | 14.5.2026 | 2100.0 | 64.96 | 309.43 | 1649.39 | 21.92 | 1330.08 |
| 10 | 15.5.2026 | 2100.0 | 64.49 | 308.69 | 1642.87 | 21.90 | 1325.63 |
| 11 | 18.5.2026 | 2100.0 | 64.46 | 308.82 | 1641.59 | 21.81 | 1321.88 |
| 12 | 19.5.2026 | 2100.0 | 64.34 | 308.58 | 1639.15 | 21.76 | 1319.63 |
| 13 | 20.5.2026 | 2100.0 | 64.25 | 308.64 | 1639.54 | 21.69 | 1320.30 |
| 14 | 21.5.2026 | 2100.0 | 64.35 | 308.91 | 1642.23 | 21.83 | 1320.80 |
| 15 | 22.5.2026 | 2100.0 | 64.29 | 308.98 | 1641.59 | 21.89 | 1319.97 |
| 16 | 25.5.2026 | 2100.0 | 64.61 | 309.55 | 1643.64 | 22.02 | 1320.88 |
| 17 | 26.5.2026 | 2100.0 | 64.39 | 309.44 | 1643.64 | 22.00 | 1319.22 |
| 18 | 27.5.2026 | 2100.0 | 64.49 | 309.68 | 1644.61 | 21.95 | 1317.81 |
| 19 | 29.5.2026 | 2100.0 | 64.49 | 310.21 | 1644.16 | 22.02 | 1318.89 |

Source: Central Bank of Myanmar

## ၂၀၂၆၊ မေလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|
| | | 2026 | 2026 | (ထိပ်စ) | | |
| 1 | 4.5.2026 | 3088000 | 3032000 | 4081600 | 2578200-2633300 | 2685300 |
| 2 | 5.5.2026 | 3053000 | 3000000 | 4081600 | 2578200-2633300 | 2685300 |
| 3 | 6.5.2026 | 3060000 | 2997000 | 4081600 | 2578200-2633300 | 2685300 |
| 4 | 7.5.2026 | 3067000 | 3012000 | 4081600 | 2578200-2633300 | 2685300 |
| 5 | 8.5.2026 | 3089000 | 3058000 | 4081600 | 2523000-2578200 | 2685300 |
| 6 | 11.5.2026 | 3069000 | 3038000 | 4081600 | 2523000-2578200 | 2685300 |
| 7 | 12.5.2026 | 3052000 | 3025000 | 3928500 | 2523000-2578200 | 2685300 |
| 8 | 13.5.2026 | 3045000 | 3017000 | 3928500 | 2523000-2578200 | 2685300 |
| 9 | 14.5.2026 | 3048000 | 3039000 | 3928500 | 2523000-2578200 | 2685300 |
| 10 | 15.5.2026 | 3042000 | 3045000 | 3928500 | 2523000-2578200 | 2685300 |
| 11 | 18.5.2026 | 3059000 | 3110000 | 3928500 | 2523000-2578200 | 2685300 |
| 12 | 19.5.2026 | 3067000 | 3132000 | 3775400 | 2523000-2578200 | 2685300 |
| 13 | 20.5.2026 | 3076000 | 3155000 | 3775400 | 2523000-2578200 | 2685300 |
| 14 | 21.5.2026 | 3069000 | 3152000 | 3775400 | 2523000-2578200 | 2685300 |
| 15 | 22.5.2026 | 3062000 | 3138000 | 3775400 | 2523000-2578200 | 2685300 |
| 16 | 25.5.2026 | 3060000 | 3140000 | 3775400 | 2523000-2578200 | 2685300 |
| 17 | 26.5.2026 | 3057000 | 3127000 | 3674300 | 2523000-2578200 | 2685300 |
| 18 | 27.5.2026 | 3046000 | 3122000 | 3674300 | 2523000-2578200 | 2685300 |
| 19 | 29.5.2026 | 3056000 | 3140000 | 3674300 | 2523000-2578200 | 2685300 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၆၊ မေလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး (ရွှေကျွန်း) | ပဲလွန်းဖြူ (မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 4.5.2026 | 5958600-6503600 | 2244400-2327100 | 2143400-2195400 | 4795000-5104300 | 1090100-1102300 |
| 2 | 5.5.2026 | 5958600-6503600 | 2244400-2296500 | 2143400-2195400 | 4795000-5104300 | 1120700-1132900 |
| 3 | 6.5.2026 | 5958600-6503600 | 2244400-2296500 | 2143400-2195400 | 4795000-5104300 | 1120700-1132900 |
| 4 | 7.5.2026 | 5958600-6396400 | 2192400-2296500 | 2143400-2195400 | 4795000-5104300 | 1120700-1132900 |
| 5 | 8.5.2026 | 5958600-6396400 | 2192400-2296500 | 2091300-2195400 | 4795000-5003200 | 1120700-1132900 |
| 6 | 11.5.2026 | 5958600-6396400 | 2192400-2296500 | 2091300-2195400 | 4795000-5003200 | 1120700-1132900 |
| 7 | 12.5.2026 | 6286200-6396400 | 2192400-2247500 | 2039300-2195400 | 4795000-5003200 | 1090100-1102300 |
| 8 | 13.5.2026 | 6286200-6503600 | 2192400-2247500 | 2039300-2195400 | 4795000-5003200 | 1090100-1102300 |
| 9 | 14.5.2026 | 6286200-6503600 | 2192400-2247500 | 2039300-2195400 | 4795000-5003200 | 1090100-1102300 |
| 10 | 15.5.2026 | 6286200-6503600 | 2192400-2247500 | 2039300-2195400 | 4795000-5003200 | 1090100-1102300 |
| 11 | 18.5.2026 | 6286200-6503600 | 2192400-2247500 | 2039300-2195400 | 4795000-4899100 | 1090100-1102300 |
| 12 | 19.5.2026 | 6286200-6503600 | 2192400-2247500 | 1990300-2094400 | 4795000-4899100 | 1120700-1132900 |
| 13 | 20.5.2026 | 6286200-6503600 | 2192400-2247500 | 1990300-2094400 | 4795000-4899100 | 1120700-1132900 |
| 14 | 21.5.2026 | 6286200-6503600 | 2192400-2247500 | 1990300-2094400 | 4795000-4899100 | 1120700-1132900 |
| 15 | 22.5.2026 | 6286200-6503600 | 2192400-2247500 | 1990300-2094400 | 4795000-4899100 | 1120700-1132900 |
| 16 | 25.5.2026 | 6286200-6503600 | 2192400-2247500 | 1990300-2094400 | 4795000-4899100 | 1120700-1132900 |
| 17 | 26.5.2026 | 6286200-6503600 | 2192400-2247500 | 1938200-2042300 | 4795000-4899100 | 1151300-1163500 |
| 18 | 27.5.2026 | 6286200-6503600 | 2192400-2247500 | 1938200-2042300 | 4694000-4798100 | 1151300-1163500 |
| 19 | 29.5.2026 | 6286200-6503600 | 2192400-2247500 | 1938200-2042300 | 4595900-4697000 | 1151300-1163500 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၆၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ (မတန်/ဒေါ်လာ)

| ပဲအမျိုးအစား | | 4.5.2026 to 8.5.2026 | 11.5.2026 to 15.5.2026 | 18.5.2026 to 22.5 .2026 | 25.5.2026 to 29.5.2026 |
|---|---|---|---|---|---|
| မတ်ပဲ (2025-26 Crop) | FAQ | 775-785 | 765-775 | 765-775 | 760-770 |
| | SQ | 865-875 | 855-865 | 850-860 | 845-855 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 875-895 | 865-885 | 860-880 | 855-875 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 975-995 | 965-985 | 960-980 | 955-975 |
| | အခွံပါအခြမ်း | 875-895 | 865-885 | 860-880 | 855-875 |
| ပဲတီစိမ်း (2025-26 Crop) | FAQ (အညာ) | 940-950 | 920-930 | 890-900 | 860-870 |
| | FAQ (ရွှေဝါ) | 1040-1050 | 1020-1030 | 990-1000 | 960-970 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 1090-1100 | 1070-1080 | 1040-1050 | 1010-1020 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 1060-1070 | 1040-1050 | 1010-1020 | 980-990 |
| | ရွှေဝါအသေး (Under 3.5 mm) | 920-930 | 890-900 | 860-870 | 840-850 |
| ပဲတီစိမ်း (2025-26 Crop) | FAQ ပဲနောက် | 920-930 | 890-900 | 860-870 | 840-850 |
| | SQ ပဲနောက် | 1270-1280 | 1240-1250 | 1210-1220 | 1180-1190 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1075-1095 | 1075-1095 | 1075-1095 | 1045-1065 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 970-990 | 970-990 | 970-990 | 940-960 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 920-940 | 920-940 | 920-940 | 890-910 |
| ပဲစင်းငုံ(2025 -26 Crop) | အနီ | 770-780 | 750-760 | 760-770 | 770-780 |
| ပဲစင်းငုံ(2024 -25 Crop) | အနီ | 740-750 | 720-730 | 730-740 | 740-750 |
| ပဲစင်းငုံ (2024-25 Crop) | အဖြူ(စစ်ကိုင်း) | 700-710 | 680-690 | 690-700 | 700-710 |
| | အခွံချွတ်အခြမ်း | 1030-1050 | 1010-1030 | 1020-1040 | 1030-1050 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 680-690 | 680-690 | 680-690 | 680-690 |
| | အခွံချွတ်အခြမ်း | 950-970 | 950-970 | 950-970 | 950-970 |
| ပဲလွန်းဖြူ | FAQ | 630-640 | 630-640 | 630-640 | 630-640 |
| | SQ | 720-730 | 720-730 | 720-730 | 720-730 |
| | အခွံချွတ်အခြမ်း | 770-790 | 770-790 | 770-790 | 770-790 |
| ပဲလွန်းနီ | FAQ | 660-670 | 660-670 | 660-670 | 660-670 |
| ပဲထောပတ် | FAQ | 740-750 | 740-750 | 740-750 | 740-750 |
| | အခွံချွတ်အခြမ်း | 770-790 | 770-790 | 770-790 | 770-790 |
| ပြောင်းဆန် | | 270-280 | 270-280 | 275-285 | 280-290 |
| နှမ်းဖြူ | | 1425-1435 | 1375-1385 | 1375-1385 | 1375-1385 |
| နှမ်းနက်(စမုန်) | | 2555-2565 | 2455-2465 | 2380-2390 | 2380-2390 |
| နှမ်းညို | | 1390-1400 | 1360-1370 | 1330-1340 | 1330-1340 |
| နှမ်းနက်(ရိုးရိုး) | | 2480-2490 | 2380-2390 | 2305-2315 | 2230-2240 |
| မြေထောက်ပဲ(အနီ)FAQ | | 865-875 | 865-875 | 865-875 | 865-875 |
| မြေထောက်ပဲ(အနီ)SQ | | 945-955 | 945-955 | 945-955 | 945-955 |
| မြေထောက်ပဲ(အဖြူ) | | 945-955 | 945-955 | 945-955 | 945-955 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 865-875 | 865-875 | 865-875 | 865-875 |
| ပဲယင်း(ဝါ) | | 680-690 | 660-670 | 660-670 | 650-660 |
| ပဲယင်း(နီ) | | 720-730 | 690-700 | 690-700 | 680-690 |
| ပဲကြီး | | 1335-1345 | 1385-1395 | 1435-1445 | 1455-1465 |
| ပဲကြီးအခွံချွတ်အခြမ်း | | 1455-1475 | 1505-1525 | 1555-1575 | 1575-1595 |
| Adzuki/Mung Beans (Red)/ Small Red Beans | | 1000-1010 | 1000-1010 | 1000-1010 | 980-990 |
| စွန်တာနီ/ပြာ | | 855-865 | 855-865 | 855-865 | 855-865 |
| ဘိုကိတ် | | 590-600 | 590-600 | 575-585 | 575-585 |
| မြေပဲ (လုံးဆန်) | | 1805-1815 | 1805-1815 | 1805-1815 | 1715-1725 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၆၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN)(ဒေါ်လာ/ မက်တန်)

| စဉ် | အမျိုးအစား | 6.5.2026 to 12.5.2026 | 13.5.2026 to 19.5.2026 | 20.5.2026 to 26.5.2026 | 27.5.2026 to 2.6.2026 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 100 % (Super 100 %) | 365-375 | 375-385 | 400-415 | 400-415 |
| 2 | Myanmar Long Grain White Rice 100 % (Extra Well Milled) | 365-375 | 375-385 | 400-415 | 400-415 |
| 3 | Myanmar Long Grain White Rice 10% Broken (Special Emata 90 days) | 455-470 | 465-480 | 465-480 | 465-480 |
| 4 | Myanmar Long Grain White Rice (Emata) 3% Broken (Well Milled Double Polished Sortexed) | 360-370 | 370-380 | 390-405 | 390-405 |
| 5 | Myanmar Long Grain White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 345-365 | 355-375 | 385-400 | 385-400 |
| 6 | Myanmar Long Grain White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 340-355 | 350-365 | 380-395 | 380-395 |
| 7 | Myanmar Long Grain White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 335-350 | 345-360 | 370-385 | 370-385 |
| 8 | Myanmar Long Grain White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 325-335 | 335-345 | 360-375 | 360-375 |
| 9 | Myanmar White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 355-365 | 365-375 | 380-395 | 380-395 |
| 10 | Myanmar White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 360-355 | 360-365 | 375-390 | 375-390 |
| 11 | Myanmar White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 345-350 | 355-360 | 365-380 | 365-380 |
| 12 | Myanmar White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 325-335 | 335-345 | 355-370 | 355-370 |
| 13 | Myanmar White Rice 5% Broken (747) (Well Milled Double Polished Sortexed) | 365-375 | 375-385 | 385-400 | 385-400 |
| 14 | Myanmar White Rice 10% Broken (747) (Well Milled Double Polished Sortexed) | 360-365 | 370-375 | 380-395 | 380-395 |
| 15 | Myanmar White Rice 15% Broken (747) (Well Milled Double Polished Sortexed) | 355-360 | 365-370 | 370-385 | 370-385 |
| 16 | Myanmar Long Grain White Rice(Emata) 5% Broken (Well Milled & Sortexed) | 355-365 | 365-375 | 385-400 | 385-400 |
| 17 | Myanmar Long Grain White Rice(Emata) 10% Broken (Well Milled & Sortexed) | 350-355 | 360-365 | 380-395 | 380-395 |
| 18 | Myanmar Long Grain White Rice(Emata) 15% Broken (Well Milled & Sortexed) | 345-350 | 355-360 | 370-385 | 370-385 |
| 19 | Myanmar Long Grain White Rice(Emata) 25% Broken (Well Milled & Sortexed) | 325-335 | 335-345 | 360-375 | 360-375 |
| 20 | Myanmar Long Grain White Rice(Emata) 5% Broken (Reasonable Well Milled) | 335-345 | 345-355 | 360-375 | 360-375 |
| 21 | Myanmar Long Grain White Rice(Emata) 10% Broken (Reasonable Well Milled) | 325-335 | 335-345 | 355-370 | 355-370 |
| 22 | Myanmar Long Grain White Rice(Emata) 15% Broken (Reasonable Well Milled) | 315-325 | 325-335 | 345-360 | 345-360 |
| 23 | Myanmar Long Grain White Rice(Emata) 25% Broken (Reasonable Well Milled) | 305-315 | 315-325 | 335-350 | 335-350 |
| 24 | Myanmar Long Grain White Rice (GW-11) 5% Broken (Well Milled Double Polished Sortexed) | 355-365 | 365-375 | 395-410 | 395-410 |
| 25 | Myanmar Long Grain White Rice (GW-11) 10% Broken (Well Milled Double Polished Sortexed) | 350-355 | 360-365 | 390-405 | 390-405 |
| 26 | Myanmar Long Grain White Rice (GW-11) 25% Broken (Well Milled Double Polished Sortexed) | 335-345 | 345-355 | 380-395 | 380-395 |
| 27 | Myanmar White Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 355-365 | 365-375 | 380-395 | 380-395 |
| 28 | Myanmar White Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 350-355 | 360-365 | 375-390 | 375-390 |
| 29 | Myanmar White Rice (Kayinma)15% Broken (Well Milled Double Polished Sortexed) | 345-350 | 355-360 | 365-380 | 365-380 |
| 30 | Myanmar White Rice (Kayinma)25% Broken (Well Milled Double Polished Sortexed) | 340-345 | 350-355 | 355-370 | 355-370 |
| 31 | Myanmar White Rice (Sin Thu Kha)5% Broken (Well Milled Double Polished Sortexed) | 355-360 | 365-370 | 385-400 | 385-400 |
| 32 | Myanmar White Rice (Sin Thu Kha)10% Broken (Well Milled Double Polished Sortexed) | 345-350 | 355-360 | 380-395 | 380-395 |
| 33 | Myanmar White Rice (Sin Thu Kha)15% Broken (Well Milled Double Polished Sortexed) | 340-345 | 350-355 | 370-385 | 370-385 |
| 34 | Myanmar White Rice (Sin Thu Kha)25% Broken (Well Milled Double Polished Sortexed) | 330-340 | 340-350 | 360-375 | 360-375 |
| 35 | Myanmar White Rice (Thee Pu)5% Broken (Well Milled Double Polished Sortexed) | 345-355 | 355-365 | 380-395 | 380-395 |
| 36 | Myanmar White Rice (Thee Pu)10% Broken (Well Milled Double Polished Sortexed) | 335-345 | 345-355 | 375-390 | 375-390 |
| 37 | Myanmar White Rice (Thee Pu)15% Broken (Well Milled Double Polished Sortexed) | 330-335 | 340-345 | 365-380 | 365-380 |
| 38 | Myanmar White Rice (Thee Pu)25% Broken (Well Milled Double Polished Sortexed) | 325-330 | 335-340 | 355-370 | 355-370 |
| 39 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 360-365 | 370-375 | 375-390 | 375-390 |
| 40 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 355-360 | 365-370 | 370-385 | 370-385 |
| 41 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 350-355 | 360-365 | 360-375 | 360-375 |
| 42 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 345-350 | 355-360 | 350-365 | 350-365 |
| 43 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Reasonable Well - Milled) | 335-340 | 345-350 | 400-415 | 400-415 |
| 44 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Reasonable Well - Milled) | 315-325 | 325-335 | 400-415 | 400-415 |
| 45 | Myanmar Long Grain Fragrant Rice 5% Broken (Well Milled Double Polished Sortexed) | 485-490 | 495-505 | 465-480 | 465-480 |
| 46 | Myanmar White Rice Tun Pu (or)Bike Phyu 5% Broken(Well Milled Double Polished Sortexed) | 360-370 | 370-380 | 390-405 | 390-405 |
| 47 | Myanmar White Rice Tun Pu (or)Bike Phyu 10% Broken(Well Milled Double Polished Sortexed) | 355-365 | 365-375 | 385-400 | 385-400 |
| 48 | Myanmar White Rice Tun Pu (or)Bike Phyu 15% Broken(Well Milled Double Polished Sortexed) | 350-355 | 360-365 | 380-395 | 380-395 |
| 49 | Myanmar White Rice Tun Pu (or)Bike Phyu 25% Broken(Well Milled Double Polished Sortexed) | 340-345 | 350-355 | 370-385 | 370-385 |
| 50 | Myanmar Parboiled Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 475-485 | 475-485 | 360-375 | 360-375 |
| 51 | Myanmar Parboiled Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 465-475 | 465-475 | 380-395 | 380-395 |
| 52 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 465-485 | 465-485 | 375-390 | 375-390 |
| 53 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 455-475 | 455-475 | 365-380 | 365-380 |
| 54 | Myanmar Glutinous Rice 5% Broken (Well Milled) | 525-535 | 535-545 | 355-370 | 355-370 |
| 55 | Myanmar Glutinous Rice 10% Broken (Well Milled) | 515-525 | 525-535 | 385-400 | 385-400 |
| 56 | Myanmar Glutinous Rice 15% Broken (Well Milled) | 505-515 | 515-525 | 380-395 | 380-395 |
| 57 | Myanmar Glutinous Rice 25% Broken (Well Milled) | 495-505 | 505-515 | 370-385 | 370-385 |
| 58 | Myanmar Glutinous Rice 10% Broken (Reasonable Well Milled) | 490-500 | 500-510 | 385-400 | 385-400 |
| 59 | Myanmar Glutinous Rice 25% Broken (Reasonable Well Milled) | 475-485 | 485-495 | 380-395 | 380-395 |
| 60 | Myanmar Brown Rice 5% Broken | 345-355 | 355-365 | 370-385 | 370-385 |
| 61 | Myanmar Brown Rice 10% Broken | 340-345 | 350-355 | 360-375 | 360-375 |

Source: MRF

## ၂၀၂၆၊ မေလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 4.5.2026 | 100.23 | 106.57 | 354.95 | 2.84 | 387.84 |
| 2 | 5.5.2026 | 104.36 | 113.25 | 370.24 | 2.84 | 401.70 |
| 3 | 6.5.2026 | 100.72 | 108.24 | 359.41 | 2.78 | 399.46 |
| 4 | 7.5.2026 | 95.83 | 102.06 | 347.21 | 2.72 | 378.14 |
| 5 | 8.5.2026 | 95.65 | 101.20 | 348.17 | 2.78 | 389.77 |
| 6 | 11.5.2026 | 99.8 | 105.45 | 361.73 | 2.81 | 403.07 |
| 7 | 12.5.2026 | 98.90 | 105.02 | 362.21 | 2.92 | 401.03 |
| 8 | 13.5.2026 | 101.00 | 106.56 | 365.75 | 2.82 | 409.54 |
| 9 | 14.5.2026 | 101.43 | 106.03 | 361.59 | 2.86 | 396.91 |
| 10 | 15.5.2026 | 102.47 | 107.03 | 363.36 | 2.93 | 394.30 |
| 11 | 18.5.2026 | 107.71 | 111.24 | 372.25 | 3.03 | 410.77 |
| 12 | 19.5.2026 | 107.71 | 109.96 | 370.60 | 3.03 | 406.39 |
| 13 | 20.5.2026 | 103.84 | 110.77 | 366.05 | 3.11 | 415.09 |
| 14 | 21.5.2026 | 107.77 | 105.86 | 349.16 | 3.03 | 394.69 |
| 15 | 22.5.2026 | 97.53 | 104.30 | 343.19 | 3.00 | 387.23 |
| 16 | 25.5.2026 | 90.94 | 97.76 | 328.32 | 2.87 | 373.29 |
| 17 | 26.5.2026 | 91.57 | 97.88 | 331.35 | 2.94 | 376.19 |
| 18 | 27.5.2026 | 91.98 | 97.87 | 317.23 | 2.88 | 365-30 |
| 19 | 29.5.2026 | 87.65 | 92.63 | 318.15 | 3.04 | 361.00 |

Source: Bullionberg Commodities

## ၂၀၂၆၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 4.5.2026 | 4601 | 4609 |
| 2 | 5.5.2026 | 4542 | 4551 |
| 3 | 6.5.2026 | 4650 | 4661 |
| 4 | 7.5.2026 | 4707 | 4718 |
| 5 | 8.5.2026 | 4733 | 4742 |
| 6 | 11.5.2026 | 4694 | 4702 |
| 7 | 12.5.2026 | 4723 | 4731 |
| 8 | 13.5.2026 | 4711 | 4719 |
| 9 | 14.5.2026 | 4682 | 4690 |
| 10 | 15.5.2026 | 4627 | 4635 |
| 11 | 18.5.2026 | 4543 | 4555 |
| 12 | 19.5.2026 | 4557 | 4568 |
| 13 | 20.5.2026 | 4467 | 4481 |
| 14 | 21.5.2026 | 4540 | 4551 |
| 15 | 22.5.2026 | 4532 | 4543 |
| 16 | 25.5.2026 | 4565 | 4576 |
| 17 | 26.5.2026 | 4548 | 4538 |
| 18 | 27.5.2026 | 4505 | 4518 |
| 19 | 29.5.2026 | 4501 | 4512 |

Source: Bullionvault,